# ဧကံ သမယံ-၂

ပါရဂူ

"မိတ်ဆွေတို့အားလုံး ကိုယ်စီကိုယ်င ပစ္စည်းဥစ္စာ နည်းများမဆို သယ်ပြီးသွားနေကြတယ်။ဒါပေမဲ့ ကျွန်ုပ်ကတော့ ကျုပ်နဲ့အတူ ပစ္စည်းဥစ္စာ အားလုံးကို ယူလာခဲ့တယ်။ကျုပ်ဆီမှာ အဖိုးမဖြတ်နိုင်တဲ့ အတွေးအခေါ် ပစ္စည်းဥစ္စာရှိတယ်။အဲဒီပစ္စည်းဥစ္စာကို ဘယ်သူမှ ခိုးယူလို့လည်း မရဘူး။လုယူလို့လည်း မရဘူး။အဲဒီပစ္စည်းဥစ္စာ သယ်ဆောင်သွားတဲ့နေရာမှာ ဝန်ထုပ်ဝန်ပိုး သယ်သွားရသလို လေးတယ်ဆိုတာလည်း မရှိဘူး"

မုံရွေး

# ကေံသမယံ-၂

ပါရဂူ

အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၂၉၇၀၇၂၊ ၅၂၇၆၅၆

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရသေ့၏ ဒေါသ | ၁ |
| ၂။ | သမ္မတအဖေ ဖိနပ်ချုပ်သမား | ၂ |
| ၃။ | ဓမ္မ၏ အနှစ်သာရ | ၃ |
| ၄။ | မိတ်ဆွေစစ် မိတ်ဆွေမှန် | ၄ |
| ၅။ | အိုးထိန်းသည်နှင့် ဘုရားသခင် | ၅ |
| ၆။ | ဘုရင့်ဘဏ္ဍာတိုက်ထဲမှ အခွန်အတုတ် | ၆ |
| ၇။ | ရှေ့တိုးသွားပါ | ၇ |
| ၈။ | တရုတ်ဒဿနပညာရှင် | ၈ |
| ၉။ | လယ်သမား၏ လက်ဖဝါး | ၉ |
| ၁၀။ | စစ်မှန်သော အလှူဒါန | ၁၀ |
| ၁၁။ | ဘေးထိုင် ဘုပြောသူ | ၁၂ |
| ၁၂။ | ဖိလစ်၏ တရားဆုံးဖြတ်ချက် | ၁၃ |
| ၁၃။ | မြေကြီးနှင့် ရွှေဒင်္ဂါး | ၁၅ |
| ၁၄။ | သစ်ပင်နှစ်ပင် | ၁၇ |
| ၁၅။ | အတွေးအခေါ် ဝန်ထုပ်ဝန်ပိုး | ၁၈ |
| ၁၆။ | သူတောင်းစားလောက်မှ စိတ်မချမ်းသာတဲ့ ပညာရှင်ကြီး | ၁၉ |
| ၁၇။ | ကမ္ဘာ့အိမ်ထောင်စု | ၂၁ |
| ၁၈။ | ကိုလံဗတ်နှင့် သူ့မိတ်ဆွေများ | ၂၂ |
| ၁၉။ | ငရုံပြည်နှင့် နတ်ပြည် | ၂၃ |
| ၂၀။ | ရွှေဒင်္ဂါးမျက်နှာ မဟုတ်ပါဘူး | ၂၄ |

၂၁။ မြစ်ကို ဘယ်သူပိုင်သလဲ ၂၅
၂၂။ ကျေးဇူးသိသူ ၂၆
၂၃။ ရုပ်တုဆရာ သားအဖ ၂၇
၂၄။ သူတော်စင်၏ စေတနာ ၂၉
၂၅။ အိတ်ချ်ဂျီဝဲ၏ စေတနာ ၃၀
၂၆။ ဂျပန်ဘုရင်၏ စေတနာ ၃၁
၂၇။ မီးပွားကလေးနှင့် သစ်ရွက်ခြောက်ပုံ ၃၂
၂၈။ သေကြောင်းကြံသူ ၃၃
၂၉။ အထုပ်ကို ရေတွင်းထဲပစ်ချလိုက်ပါ ၃၄
၃၀။ မဟာဝီရ ၃၆
၃၁။ ဘာအချိုဆုံးလဲ ၃၇
၃၂။ စာဏကျ၏ ဦးနှောက် ၃၉
၃၃။ ကြီးကျယ်အောင် ဘယ်လိုလုပ်မလဲ ၄၀
၃၄။ ဘာကြောင့် စိတ်ငြိမ်မှုရှိတာလဲ ၄၁
၃၅။ ဝိဝေကာနန္ဒနှင့် လူငယ် ၄၂
၃၆။ ထူးခြားတဲ့တာဝန် ၄၃
၃၇။ ပြာဖုံးနေတဲ့စိတ် ၄၄
၃၈။ တရားခမ္မနှင့် ပကာသန ၄၅
၃၉။ အပြုံးနှင့် တုံ့ပြန်ပါ ၄၆
၄၀။ လုပ်နေကျအလုပ် မပျက်မကွက်လုပ်သူ ၄၇
၄၁။ စာဏကျနှင့် ဖာဟီယန် ၄၈
၄၂။ ကျောင်းသားကျင့်ဝတ် ၄၉
၄၃။ အုတ်ခဲကို ခေါင်းအုံးလုပ်ပြီး မြက်ဖျာပေါ်အိပ်သူ ၅၁
၄၄။ လက္ခမီနှင့် ကုလက္ခမီ ၅၃
၄၅။ လက်ဖြူနှင့် လက်မည်း ၅၆
၄၆။ ဝီရိယ၏ အားအစွမ်း ၅၈

၄၇။ သခင်တရားပွဲနှင့် အင်္ဂလိပ်လက်ပါးစေ ၅၉
၄၈။ သမီးတွေ လေဒီရှူးဖိနပ် ဝယ်ဖို့အရေး ၆၁
၄၉။ လောဘဇော ၆၆
၅၀။ လက်ကိုင်တုတ်ပျောက်လို့ ၆၈
၅၁။ လူ့လောဘ အနန္တ ၇၀
၅၂။ လူ့လောက၏ လျှို့ဝှက်ချက် ၇၃
၅၃။ အာသာရမ္မက် ၇၅
၅၄။ အံ့ဖွယ်အယ်ဒီတာ ၇၆

# ရသေ့၏ ဒေါသ

ဝိသွာမိတြသည် အလွန်တရာကြီးကျယ်သော တာသပီတစ်ဦး ဖြစ်သည်။သို့သော်လည်း တပသီဖြစ်လျက်နှင့် အလွန်တရာ ဒေါသကြီးသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ထို့ကြောင့် ရသေ့ကြီး ဝသိဋ္ဌက ဝိသွာမိတြကို မဟာရသေ့တစ်ပါးအဖြစ် မထင်မှတ်ပေ။ဗြဟ္မက္လာသိဟူ၍ လည်း မယူဆပေ။ဝသိဋ္ဌရသေ့ကြီး ဗြဟ္မက္လာသိဟု မမှတ်သ၍ ရသေ့လောက ကလည်း ဝိသွာမိတြကို သာမန် ဣသိမျှလောက်သာ ထင်မှတ်သည်။ထို့ကြောင့် ဝိသွာမိတြ၏ မာန်မာနသည် ထိခိုက်သွားသည်။ ယင်းအချက်ကို မကျေမနပ် ဖြစ်နေသည်။

ဝိသွာမိတြရသေ့သည် ဝသိဋ္ဌရသေ့ကြီးအပေါ်တွင် မည်မျှ အငြိုးထားနေသနည်းဆိုလျှင် တစ်နေ့သောအခါ၌ ဒေါသကို မချုပ်တီးနိုင်သောကြောင့် ဓားကိုကိုင်ပြီး ဝသိဋ္ဌရသေ့ကြီးကို အဆုံးစီရင်မည်ဆိုပြီး ထွက်သွားသည်။ထိုအချိန်၌ ဝသိဋ္ဌရသေ့ကြီးသည် သူ၏သခ်မ်းကျောင်း၌ ထိုင်ပြီး တပည့်များအား တရားအဆုံးအမ ဟောကြားနေသည်။တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအချိန်၌ ဝသိဋ္ဌရသေ့ကြီးက သူ၏ တပည့်များကို "အကယ်၍ ဝိသွာမိတြရသေ့သည် သူ၏ဒေါသကို စွန့်လွှတ်လိုက်မည်ဆိုပါက ဗြဟ္မက္လာသိအဆင့် ရောက်ရှိသွားလိမ့်မည်" ဟူ၍ မိန့်ကြားပြောပြနေသည်။ဝသိဋ္ဌရသေ့ကြီး၏စကားကို ကြားရသောအခါ ဝိသွာမိတြရသေ့၏ ဒေါသသည် ပြေပျောက်လျှော့ကျသွားသည်။ သူ၏လက်ထဲက ဓားလည်း အောက်လွတ်ကျသွားသည်။ဝိသွာမိတြသည် ဝသိဋ္ဌရသေ့ကြီး၏ ခြေထောက်ကို ကိုင်လိုက်သည်။ထိုအခါ ဝသိဋ္ဌရသေ့ကြီးက ဝိသွာမိတြရသေ့ကို ချစ်ခြင်းမေတ္တာအပြည့်ဖြင့် လည်ချင်းယှဉ်ဖက်လျက် "ဗြဟ္မက္လာသိ ထလေ"ဟု ပြောကြားလိုက်သည်။

* * *

# သမ္မတအဖေ ဖိနပ်ချုပ်သမား

အမေရိကန်သမ္မတ အီဗရာဟင် လင်ကွန်း၏ဖခင်သည် ဖိနပ်ချုပ်သမား ဖြစ်သည်။သမ္မတ၏ဖခင်သည် မည်မျှ ဖိနပ်ချုပ်အလုပ် ကျွမ်းကျင်သနည်းဆိုလျှင် ရပ်ဝေးမှ လူများပင် သူ့ထံ ဖိနပ်ချုပ်ဖို့ ရောက်ရှိလာကြသည်။အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ဆီးနိတ်၌ ပထမဦးဆုံး မိန့်ခွန်းပြောကြားရန် မတ်တတ်ရပ်လိုက်သောအခါ လင်ကွန်းအား ဆီးနိတ်အဖွဲ့ဝင်တချို့က ဟေးလားဝါးလား လုပ်ကြသည်။တစ်ယောက်သော ဆီးနိတ်အဖွဲ့ဝင်ကမူ မတ်တတ်ရပ်ပြီး လင်ကွန်းကို ပြောင်လှောင်သရော်သည်။

"မိတ်ဆွေ သမ္မတဖြစ်တယ်ဆိုပြီး ဝါဝါကြွားကြွားမလုပ်ချင်ပါနှင့် ဘာဖြစ်လို့လည်းဆိုရင် မိတ်ဆွေက ဖိနပ်ချုပ်သမားရဲ့ သားဖြစ်နေတယ် မဟုတ်လား"

လင်ကွန်းက လက်ညှိုးငေါက်ငေါက်ထိုးပြီး သူ့ကို ဖိနပ်ချုပ်သမားရဲ့ သားဟု ပြောနေသူအား ပြောလိုက်သည်။

"ကျွန်ုပ်၏ဖခင် ကျွမ်းကျင်တဲ့ လက်မှုပညာသည်တစ်ယောက်ဖြစ်နေတယ်ဆိုတာ ကျွန်ုပ် ဂုဏ်ယူပါတယ်။ကျွန်ုပ်ဖခင်ကပဲ ကျွန်ုပ်ကို ကိုယ်လုပ်ရမယ့်အလုပ်ကို အာရုံစူးစိုက်ပြီး လုပ်ရမယ်လို့ နည်းပေးလမ်းပြ ပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။ဖခင်၏ ညွှန်ကြားချက်အရ ကျုပ်ဖခင် ဖိနပ်ချုပ်တဲ့အလုပ်မှာ ကျွမ်းကျွမ်းကျင်ကျင်လုပ်တဲ့ ပုဂ္ဂိုလ်အဖြစ် အသိအမှတ်ပြုခြင်းခံရသလို ကျွန်ုပ်အနေနှင့်လည်း မိမိ၏အလုပ်ဖြစ်တဲ့ သမ္မတအလုပ် ကျွမ်းကျွမ်းကျင်ကျင်လုပ်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ယောက်အဖြစ် အသိအမှတ်ပြုဖို့ ကြိုးစားမယ်"

* * *

## ဓမ္မ၏ အနှစ်သာရ

တပည့်တစ်ဦးသည် အချိန်ကာလကြာမြင့်စွာ သူတော်စင်ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် အတူတကွ နေထိုင်သည်။တစ်နေ့သောအခါ၌ တပည့်ဖြစ်သူက သူ၏ဆရာ ဂုရုဖြစ်သော သူတော်စင်ပုဂ္ဂိုလ်ကြီးကို "ဆရာ ကျွန်ုပ် ယခုလောက် လပေါင်းများစွာ ဆရာနှင့်အတူတကွ နေလာခဲ့ရပေမယ့် ဆရာဟာ ယနေ့ထက်ထိ ကျွန်ုပ်ကို ဓမ္မ၏ အနှစ်သာရ ဘာလဲဆိုတာ ပြောမပြခဲ့ဘူး"ဟု ပြောလိုက်သည်။

တပည့်၏စကားကို ကြားရသောအခါ သူတော်စင်ပုဂ္ဂိုလ်ကြီးက ပြောပြသည်။

"သင် ငါ့ဆီရောက်လာတဲ့အချိန်ကစပြီး ငါ သင့်ကို ဓမ္မ၏ အနှစ်သာရနှင့် ပတ်သက်ပြီး ပြောပြလာခဲ့တယ်။သင် လက်ဖက်ရည်ခွက် ယူပြီး ငါ့ဆီလာတဲ့အခါ ငါ ကျေးဇူးတင်စွာဖြင့် သင်ပေးတဲ့ လက်ဖက်ရည်ခွက်ကို ယူတယ်။နံနက်ချိန် သင် ငါ့ကို ရှိခိုးဦးညွှတ်တဲ့အခါ ငါကလည်း ပြုံးပြပြီး သင့်ကို ပြန်လည်အလေးဂရုပြုတယ်။ဓမ္မ၏ အနှစ်သာရဆိုတာ ဒါပဲ။ချစ်ခင်ရင်းနှီးခြင်း၊ စိတ်ကောင်းစေတနာထားခြင်း၊ ရိုကျိုးခြင်း၊ ကိုယ်ချင်းစာနာခြင်း၏ အသွင်အပြင်များဟာ ငါတို့၏ အပြုအမူများ၌ ပေါ်လွင်နေတယ်။သင့်ကို ငါ အခါမပြတ် ဓမ္မ၏ အနှစ်သာရကို ပြောပြနေတယ် မဟုတ်လား"

* * *

မုဆိုးတစ်ယောက်သည် အဆိပ်လူးထားသောမြားဖြင့် သမင်တစ်ကောင်ကို ပစ်လိုက်သည်။သို့သော်လည်း မြားသည် ပစ်မှတ်ကို မထိဘဲ သစ်ပင်တစ်ပင်၏ ပင်စည်ကို သွားစိုက်သည်။မြားတွင်ရှိနေသော အဆိပ်သည် တဖြည်းဖြည်း သစ်ပင်တစ်ပင်လုံး ပြန့်သွားသည်။သစ်ရွက်များခြောက်ပြီး ကြွေကျကုန်သည်။ ပင်စည်ပင်လုံးလည်း ခြောက် သွားသည်။

သစ်ခေါင်းထဲတွင် ကြက်တူရွေးတစ်ကောင် နေသည်။ကြက်တူရွေးသည် ထိုသစ်ပင်ကို အလွန်တရာ ချစ်ခင်တွယ်တာသည်။သစ်ပင်ခြောက်သွားသော်လည်း ကြက်တူရွေးသည် သစ်ပင်က ခွာမသွားပေ။သစ်ခေါင်းခြောက်ထဲတွင် ဆင်းဆင်းရဲရဲနေရသော်လည်း သစ်ခေါင်းအပြင်ဘက် ထွက်မသွားပေ။

ကြက်တူရွေး၏ အခြေအနေကိုတွေ့ရသော သစ်ပင်သည် မနေနိုင်တော့ဘဲ တစ်နေ့သောအခါ၌ ကြက်တူရွေးကို မေးကြည့်သည်။

"မိတ်ဆွေ . . မိတ်ဆွေ၏ အခြေအနေ တစ်နေ့တခြား ဆိုးဝါးလာတာ ကျုပ် မြင်တွေ့ရတယ်။တောထဲမှာ တစ်ပင်ထက်တစ်ပင် သစ်သီးဝလံများ သီးနေတဲ့ သစ်ပင်များရှိပလျက်နဲ့ ကျုပ်ကို စွန့်ပြီး တခြားသစ်ပင်တစ်ပင်ကို ရှာဖို့ မိတ်ဆွေ ဘာကြောင့် မသွားသလဲ"

ကြက်တူရွေးက ပြန်ပြောသည်။

"မိတ်ဆွေ . .ကျုပ်ဟာ မိတ်ဆွေရဲ့ သစ်ခေါင်းထဲမှာ မွေးတယ်။ ဒီသစ်ခေါင်းထဲမှာပဲ ကျုပ် ကြီးပြင်းလာတယ်။ဒီသစ်ခေါင်းထဲမှာပဲ ကစားတယ်။ မိတ်ဆွေဟာ ကျုပ်ကို သားတစ်ယောက်ထက်တောင် ချစ်ချစ်ခင်ခင်နဲ့ မွေးမြူကြည့်ရှုတယ်။မိတ်ဆွေက ကျုပ်ကို အရိပ်ပေးပြီး အရသာချိုတဲ့ အသီးများကိုလည်း ပေးတယ်။ယခု မိတ်ဆွေအပေါ်မှာ အခက်အခဲ အကျပ်အတည်းရောက်ရှိလာတဲ့အချိန် ကျုပ် မိတ်ဆွေကိုစွန့်ပြီး ဘယ်မှာသွားလို့ ဖြစ်ပါ့မလဲ။ကျုပ် အသက်ရှင်နေလို့ ရှိရင်လည်း မိတ်ဆွေနဲ့ပဲ အသက်ရှင်မယ်၊ အသက်သေမယ်ဆိုရင်လည်း မိတ်ဆွေနဲ့ပဲ အသက်သေမယ်"

ကြက်တူရွေး၏စကားကို ကြားရသောအခါ သစ်ပင်သည် မျက်ရည်လည်လာသည်။

* * *

အင္ဂုဝကရသေ့သည် ကိုယ်လက်အင်္ဂါ အတော်များများ ကောက်ကွေးနေသည်ဖြစ်၍ အရုပ်ဆိုး အကျည်းတန်နေသည်။တစ်နေ့သောအခါ အင္ဂုဝကရသေ့ ဇနကမင်းကြီး၏ ညီလာခံသဘင် ရောက်ရှိသွားသောအခါ ရသေ့တပသီအတော်များများ ညီလာခံသဘင်သို့ ရောက်ရှိနေကြသည်။အင္ဂုဝကရသေ့ကိုတွေ့မြင်ရသောအခါ ညီလာခံသဘင် ရောက်ရှိနေကြသူများ ဣန္ဒြေမဆည်နိုင်အောင် ရယ်ကြ ပြုံးကြသည်။

အင္ဂုဝကရသေ့သည် သူ့ကိုကြည့်ပြီး ညီလာခံသဘင်ရှိ ပုဂ္ဂိုလ်များ ဣန္ဒြေမဆည်နိုင်အောင် ရယ်ကြ ပြုံးကြသည်ကို တွေ့ရသောအခါ လှည့်ပြန်မည်လုပ်သည်။ဇနကမင်းကြီးက "ရှင်ရသေ့ကြီး ဘာကြောင့် ညီလာခံသဘင်က ပြန်သွားမည်လုပ်တာလဲ" ဟု မေးလိုက်သည်။အင္ဂုဝကရသေ့က ပြန်ပြောသည်။

"ကျုပ် လူမိုက်တွေရဲ့ စည်းဝေးသဘင်မှာ မထိုင်နိုင်ဘူး"

အင္ဂုဝကရသေ့၏ အဖြေကို ကြားရသောအခါ ညီလာခံသဘင် ရောက်ရှိနေသူများသည် ဒေါသအမျက်ခြောင်းခြောင်း ထွက်သွားကြသည်။တစ်ယောက်သော ပုဂ္ဂိုလ်က ဒေါသကို မထိန်းနိုင်ပဲ "ကျုပ်တို့ ဘာကြောင့် လူမိုက်ဖြစ်ရမှာလဲ"ဟု မေးလိုက်သည်။

အင္ဂုဝကရသေ့ ပြန်ဖြေသည်။

"သင်တို့ ကျုပ်ကို ရယ်ကြတာ မဟုတ်ဘူး။စွမ်းအားအပြည့်ရှိဘုရားသခင်ကို ရယ်နေကြတာ ဖြစ်တယ်ဆိုတာ သင်တို့ မသိကြဘူး။လူရဲ့ခန္ဓာကိုယ်ဟာ ဘုရားသခင်နှင့်တူတဲ့ အိုးထိန်းသည် ဖန်တီးပြုလုပ်ထားတဲ့ အိုးနဲ့တူတယ်။အိုးကိုကြည့်ပြီး ရယ်တာဟာ အိုးထိန်းသည်ကို ရယ်တာနှင့် ဘယ်မှာထူးလို့လဲ"

အင္ဂုဝကရသေ့ကြီး ပမ်လိုက်သော မြားချက် ထိမှန်သွားသည်ဖြစ်၍ ညီလာခံသဘင် ရောက်ရှိနေကြသူများသည် မီးကို ရေနှင့်ငြိမ်းသတ်လိုက်သလို ငြိမ်ချက်သား ကောင်းသွားကြသည်။

* * *

ဂျာမနီနိုင်ငံဘုရင် ဖရေဒရိသည် တစ်ကြိမ်က သူ၏နန်းတော်၌ ညီလာခံကြီးတစ်ရပ် ကျင်းပပြုလုပ်သည်။ယင်းညီလာခံကြီး၌ ကြီးကြီးငယ်ငယ် ရွယ်ရွယ်စားစား အရာရှိများ စုဝေးရောက်ရှိနေကြသည်။ညီလာခံ၌ စကားဆွေးနွေးပြောကြားနေရင်း ဘုရင်က အရာရှိတစ်ယောက်ကို "ပြည်သူ ပြည်သားတွေကို ဒါလောက် အခွန်များ ကောက်ခံနေပါလျက်နှင့် တိုင်းပြည် နိုင်ငံ၏ ဝင်ငွေမှာတော့ များပြားခြင်း မရှိဘူး။အဲဒီလို ဖြစ်ရခြင်း၏ အကြောင်းမှန်ကို ပြောပြနိုင်ပါ့မလား"ဟု မေးမြန်းစုံစမ်းကြည့်သည်။

အရာရှိကြီးများအားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ထိုအခိုက် ဂျာမနီနိုင်ငံ၏ ပညာရှင်တစ်ဦးဖြစ်သူ ဖရေဂတိလယုဖ်က ဘုရင်မင်းကြီးထံ အဖြေစကား ပြောကြားခွင့်ပေးဖို့ တောင်းခံပြီးလျှင် ဖရေဂတိသည် ရေခဲတုံးတစ်တုံး တောင်းယူပြီးလျှင် ညီလာခံသဘင် နောက်ပိုင်းအကျဆုံးနေရာ၌ ထိုင်နေသော အရာရှိတစ်ယောက်၏လက်ထဲ ထည့်ပြီးလျှင် ညီလာခံသဘင်၌ စုဝေးရောက်ရှိ နေသော အရာရှိအားလုံးကို အကိုင်ခိုင်းပြီး နောက်ဆုံးအချိန်၌ ဘုရင်မင်းကြီးထံရောက်အောင် ပေးပို့လိုက်သည်။

ညီလာခံတက်ရောက်သူများ တစ်ယောက်စီ တစ်ယောက်စီ၏ လက်ထဲက ဖြတ်သွားပြီးလျှင် ရေခဲတုံးကြီးသည် ဘုရင်မင်းကြီးထံ ရောက် သွားသောအခါ ခရမ်းချဉ်သီးအစေ့လောက်သာ ကျန်ရှိနေသည်။

ထိုအခါ ဖရေဂတိက "အရှင်မင်းကြီး ဘုရင့်ဘဏ္ဍာတိုက် ရောက်သွားတဲ့အခါကျတော့ အခွန်အတုတ်၏ အခြေအနေဟာ ယခုပုံစံအတိုင်း ဖြစ်နေပါတယ်"ဟု လျှောက်ထားပြောပြလိုက်သည်။ဘုရင်မင်းကြီးသည် သူ့မေးခွန်း၏ အဖြေမှန်ကို ရရှိသွားပြီး အကျင့်ပျက် အရာရှိများကြောင့် အခွန်အတုတ်၏ အစိတ်အပိုင်း ကြီးကြီးမားမား ဘုရင့်ဘဏ္ဍာတော်တိုက် ရောက်မလာခြင်းဖြစ်ကြောင်းကို သိရှိနားလည်သွားသည်။

* * *

ထင်းခွေသမားတစ်ယောက်သည် တောထဲသွားပြီး ထင်းခွေလျက် ခဲခဲယဉ်းယဉ်း အသက်မွေးဝမ်းကျောင်း ပြုလုပ်နေရသည်။ တစ်နေ့သောအခါ၌ ထင်းခွေပြီး ပြန်လာစဉ် လမ်းသွားလမ်းလာဖြစ်သော သူတော်စင်တစ်ယောက်က ရုတ်တရက် "ကလေး ရှေ့တိုးသွား" ဟု ပြောလိုက်သည်။

နောက်တစ်နေ့ တောထဲ ထင်းခွေသွားသောအခါ ထင်းခွေသမားသည် သူတော်စင်ကြီးပြောသောစကားကို သတိရလာပြီး အတန်ငယ် ရှေ့ခရီးကို ဆက်သွားသည်။ရှေ့အတန်ငယ်သွားသောအခါ တုတ်ခိုင်ကြီးမားသော သစ်ကိုင်းများရှိသည့် တောကို တွေ့ရသည်။ ယင်းသစ်ကိုင်းများကိုခုတ်ပြီး ဈေးတွင်ရောင်းချသောအခါ ထင်းခွေသမားသည် ယခင်ကထက် ပိုပြီး ငွေကြေးပိုက်မိသွားသည်။

နောက်တစ်နေ့၌ "ရှေ့ကို တိုးသွား"ဆိုသည့် သူတော်စင်ပြောသောစကားကို သတိရလာသောအခါ ရှေ့တိုးသွားပြီး ကြည့်ရှုသည်။ ရှေ့အနည်းငယ် တိုးသွားလျှင် စန္ဒကူးတော တွေ့လိမ့်မည်ဟု ထင်မှတ်ထားသည့်အတိုင်းပင် တွေ့ရသည်။

ထို့နောက်တွင်လည်း ထင်းခွေသမားသည် နေ့စဉ်နေ့တိုင်း ရှေ့တိုးတိုးသွားပြီး ကြိုးစားရှာဖွေသည်။ရှေ့တိုးသွားပြီး ရှာဖွေသည့်အတိုင်းပင် ထင်းခွေသမားသည် ရှေ့တိုးသွားလေလေ ငွေကိုတွေ့ရသည်။ရွှေကို တွေ့ရသည်။ရတနာအမျိုးမျိုးကို တွေ့ရသည်။

စိတ်သဘောထား ဖြောင့်မတ်ပြီး ဘုရားတရား ယုံကြည်ကိုးစားသူ၏ လမ်းခရီး၌ ယခုကဲ့သို့ပင် ဣဋ္ဌာရုံများကို တွေ့နေရပေလိမ့်မည်။

* * *

ဒဿနပညာရှင်ကြီး "ယွမ်ဆင်"သည် တရုတ်ပြည် "လု" အမည်ရှိ ကျေးရွာတစ်ရွာ၌ နေထိုင်သည်။ကျိုးတိုးကျဲတဲဖြစ်နေသော သက်ငယ် တဲအမိုး၊ ကျွံကျနေသော ကြမ်းပေါက်၊ ဝါးထရံကာ၊ ယင်းပစ္စည်းများသည်သာလျှင် ဒဿန ပညာရှင်ကြီးအိမ်၏ အဆောင်အယောင်များ ဖြစ်ကြသည်။ယင်းအိမ်၌နေပြီး ဒဿနပညာရှင်ကြီးသည် အတွေးအခေါ်စာများကိုရေးလျက် အားလပ်သောအချိန် များ၌ သူ၏ စောင်းအိုကလေးကိုသာ တီးခတ်နေသည်။

တစ်နေ့သောအခါ၌ သူကြွယ်ကြီး "စီကုံး"သည် သူ၏ ခမ်းနားထည်ဝါ သော မြင်းရထားကြီးပေါ်တွင် ထိုင်လျက် ဒဿနပညာရှင်ကြီးကို တွေ့ဆုံရန် လာသည်။ဒဿနပညာရှင်ကြီး၏အိမ်မှာ လမ်းကျဉ်းကလေးထဲတွင် ရှိနေသည် ဖြစ်၍ သူကြွယ်၏မြင်းရထား ယင်းလမ်းကျဉ်းကလေးထဲ ဝင်၍မရဖြစ်နေသော ကြောင့် သူကြွယ်ကြီးသည် မြင်းရထားပေါ်ကဆင်းလျက် လမ်းလျှောက်လာရ သည်။ဒဿနပညာရှင်ကြီး ယွမ်သည် ဧည့်သည်ကို နှုတ်ဆက်ရန် တံခါးဝ ရောက်လာသည်။ဖိနပ်စုတ်စီးပြီး သစ်ရွက်ဦးထုပ်ဆောင်းလျက် စုတ်ပြဲနေသော အဝတ်အစားဝတ်ထားသည့် ဒဿနာပညာရှင်ကြီးကို တွေ့ရသောအခါ သူကြွယ်ကြီး စီကုံးက "ပညာရှင်ကြီးခင်ဗျား၊ ဘာကြောင့် ဒါလောက် ဆင်းဆင်းရဲရဲ နေရတာလဲ"ဟု မေးလိုက်သည်။

ဒဿနပညာရှင် ယွမ်က ပြုံးပြီး ပြန်ပြောလိုက်သည်။

"လူ့လောကရဲ့ အမြင်မှာတော့ ကျုပ် ဆင်းရဲတယ်လို့ ထင်ချင်ထင်မှာ။ ဒါပေမဲ့ ကျုပ် မဆင်းရဲပါဘူး။ဆင်းရဲတဲ့လူဆိုတာ အသိဉာဏ် ခေါင်းပါးသူများသာ ဖြစ်တယ်။ကျုပ်လည်း ခင်ဗျားလို သူကြွယ်တစ်ယောက် ဖြစ်တယ်။ကျုပ်ဆီမှာတော့ အသိဉာဏ်ပညာ ကြွယ်ဝချမ်းသာမှု ရှိနေတယ်။ခင်ဗျားရဲ့ ရွှေငွေများဟာ ပျက်စီး ဆုံးပါး သွားနိုင်ပေမယ့် ကျွန်ုပ်ရဲ့ အသိဉာဏ်ပညာ ချမ်းသာတာကတော့ ပျောက်ပျက်ကုန်ဆုံးသွားတယ်ဆိုတာ မရှိပါဘူး"

* * *

တိုင်းခန်းလှည့်လည်ထွက်လာသော ဘုရင်တစ်ပါးသည် လယ်သမားတစ်ဦး၏ စိမ်းလန်းစိုပြည်နေသော လယ်စိုက်ခင်းများကို တွေ့ရသောအခါ သူ၏ နန်းတွင်း နက္ခတ်ဗေဒင်ပညာရှင်ကို မေးကြည့်သည်။

"ဒီလယ်သမားရဲ့ အိမ်ထောင်မိသားစုက စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပျော်ရွှင်စွာနေရလိမ့်မယ်။အခုလို စိတ်ချမ်းသာ ကိုယ်ချမ်းသာ ပျော်ရွှင်စွာနေရလောက်အောင် သူ့ဇာတာ ကောင်းလိမ့်မယ်။ဒီလယ်သမားရဲ့ လက္ခဏာကို ကြည့်ပါ။သူ့လက္ခဏာအရေးအကြောင်း ဘယ်လိုပါရှိနေတယ်ဆိုတာ သိချင်တယ်"

ဘုရင်မင်းကြီးက လယ်သမားကို ဆင့်ခေါ်လိုက်သည်။နက္ခတ်ဗေဒင်ပညာရှင်က လယ်သမားကို လက်ဝါးဖြန့်ပြပါဟု ပြောသောအခါ လယ်သမားက သူ၏လက်ဝါးကို ဖြန့်မပြဘဲ လက်ခုံကိုသာ ပြသည်။လယ်သမား၏လက်ကို ကြည့်ပြီး နက္ခတ်ဗေဒင်ပညာရှင်က ဒေါသနှင့် "လူမိုက်၊ လက္ခဏာ အရေးအကြောင်း လက်ဖဝါးမှာရှိတယ်ဆိုတာ မင်း နားမလည်ဘူးလား။လက်ကို ဒီလိုမထားဘဲနဲ့ လက်ဝါးဖြန့်ပြီးထားစမ်း"ဟု ကြိမ်းလိုက်သည်။

နက္ခတ်ဗေဒင်ပညာရှင်ကြီးပြောသောစကားကို ကြားသောအခါ လယ်သမားကရယ်ပြီး ပြောလိုက်သည်။

"နက္ခတ်ဗေဒင်ပညာရှင်ကြီးခင်ဗျာ၊ တစ်စုံတစ်ယောက်ရဲ့ရှေ့မှာ လက်ဖြန့်ပြတဲ့လူတွေရဲ့ လက္ခဏာအရေးအကြောင်းများကိုသာ နက္ခတ်ဗေဒင်ပညာရှင်ကြီး ကြည့်ပါ။ကျွန်ုပ် နက္ခတ်ဗေဒင်ပညာရှင်ကြီးရဲ့ရှေ့မှာ ဘာကြောင့် လက်ဝါးဖြန့်ပြရမှာလဲ။ယောက်ျားတစ်ယောက်အနေနှင့် ကျွန်ုပ်ယောက်ျားရဲ့ လုံ့လဝီရိယနှင့်သာ ကြိုးစားအားထုတ်တဲ့အတွက် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေပါတယ်"

ဘုရင်မင်းကြီးသည် လယ်သမားပြောသောစကားကို ကြားရသောအခါ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင် ပညာရှင်ကြီးကို နန်းတွင်း နက္ခတ် ဗေဒင်ပညာရှိကြီးအဖြစ်မှ အနားပေး လိုက်သည်။

* * *

ရစ်ချတ်ရိနယ်သည် အလှူအတန်းရက်ရောသော စိတ်ကောင်း စေတနာကောင်းရှိသူတစ်ယောက် ဖြစ်သည်။လူမှုရေး ကိစ္စများအတွက် ရေ့တန်းက အကူအညီပေးသူလည်း ဖြစ်သည်။ တစ်နေ့သောအခါ၌ မိဘမဲ့ကလေးဂေဟာ တည်ထောင်သူ အမျိုးသမီး တစ်ယောက် ရစ်ချတ်ရိနယ်ထံ အလှူငွေကောက်ခံရန် သွားသည်။ မိဘမဲ့ကလေးဂေဟာ တည်ထောင်သူအား ရစ်ချတ်က စေတနာ ထက်သန်စွာဖြင့် အလှူငွေပေးလိုက်သည်။အလှူငွေကောက်ခံသူ အမျိုးသမီးသည် ရစ်ချတ်အား ကျေးဇူးတင်စကားပြောသည်။

"မိဘမဲ့ကလေးကျောင်းမှာ ရှိနေကြတဲ့ ကလေးများ ကြီးပြင်း လာတဲ့အခါ ကျွန်မ သူတို့ကို လူကြီးမင်းအား ကျေးဇူးတင်စကား ပြောကြားရန်နှင့် နောက်ပိုင်းမှာလည်း လူကြီးမင်းကို ကျေးဇူးရှင်အဖြစ် အသိအမှတ်ပြုကြဖို့ ပြောကြားပါမယ်။ဘာကြောင့်လဲဆိုရင် လူကြီးမင်း ပေးတဲ့ အကူအညီကြောင့် သူတို့၏အနာဂတ် ကြီးပွားတိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့်ပါ" ဟု ပြောပြသည်။

ရစ်ချတ်က မိဘမဲ့ကလေးကျောင်း အုပ်ချုပ်သူအမျိုးသမီးကို ပြန်ပြောသည်။

"ကျေးဇူးပြုပြီးတော့ အဲဒီလို မလုပ်ပါနဲ့။အဲဒီလိုလုပ်ရင် ကလေးတွေမှာ အလှူဒါနနှင့်ပတ်သက်ပြီး အလေးအနက်မထားဘဲ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို အလေးအနက်ထားတဲ့ စိတ်ဓာတ်မျိုး ပိုပြီး ပေါ်လာလိမ့်မယ်။မိုးတိမ်က မိုးရွာချတဲ့အခါ ကျုပ်တို့ မိုးတိမ်ကို ကျေးဇူး တင်လေ့ မရှိကြဘူး။အလှူဒါနပြုတဲ့အခါ ထိတ်လန့်ကြောက်ရွံ့စရာ တစ်ခုခုကြောင့် ပြုတဲ့ အလှူဒါနမျိုးဖြစ်စေ အကျိုးကျေးဇူးတစ်ခုခုကို မျှော်လင့်ချက်နှင့် ပြုတာမျိုးဖြစ်စေ အဲဒီလိုပြုတဲ့ ဒါနမျိုးဟာ အလှူဒါန

လို့ မခေါ်ထိုက်ဘူး။ဒီကလေးတွေ ကြီးပြင်လာတဲ့အခါ မိုးတိမ်၊ မိုး၊ မိုးတိမ်နှင့် မိုးလိုအပ်နေတဲ့ ပထဝီမြေကြီး၊ အဲဒီသုံးမျိုးကို ဖန်တီးပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ဖို့ ပြောပြစေချင်တယ်။ကျေးဇူးတင်မယ် ဆိုရင် ကျေးဇူးရှိအောင် လုပ်ပေးတဲ့ ဘုရားသခင်ကိုပဲ ကျေးဇူးတင်ရမယ်။ ကျုပ်ကို ကျေးဇူးတင်ပြီး ကျုပ်အရက်တကွဲ အကျိုးနည်းဖြစ်သွားအောင် မလုပ်ပါနဲ့။ကျုပ်ပေးလိုတဲ့ အလှူဒါနတွေ ကျုပ်ကို တစ်စုံတစ်ရာ တုံ့ပြန်ဖို့ မလိုပါဘူး"

ရစ်ချတ်၏စကားကို ကြားရသောအခါ မိဘမဲ့ကလေး ကျောင်း အုပ်ချုပ်သူအမျိုးသမီးသည် စစ်မှန်သော အလှူဒါန၏ အကြောင်းကို သိရှိနားလည် သွားသည်။

* * *

# ဘေးထိုင် ဘုပြောသူ

ရေးအခါက အဖြစ်အပျက်တစ်ခု ဖြစ်သည်။တစ်ချိန်က ရွာတစ်ရွာရှိ အိမ်တစ်အိမ် မီးလောင်သည်။တစ်ရွာလုံးက လူများသည် စုပေါင်းပြီး မီးလောင်နေသောအိမ်ကို ကြိုးစားပမ်းစား မီးငြိမ်းသတ်ကြသည်။မီးငြိမ်းသတ်သူများထဲတွင် အသက် ၈၀ အရွယ်ရှိ အဘွားအိုတစ်ယောက်လည်း ပါသည်။အဘွားအိုသည် မည်မျှ အသက်အရွယ်အိုမင်းနေသနည်းဆိုလျှင် လမ်းကောင်းကောင်းလျှောက်နိုင်သည့် အခြေအနေ မရှိတော့ပေ။ရေပုံးတစ်ပုံးဆွဲနိုင်သည့် အင်အားလည်း မရှိတော့ပေ။ခွက်ကလေးတစ်ခွက်ဖြင့်သာ ရေခပ်ပြီး ရေပက်နိုင်သည်။ သူများတကာ မီးငြိမ်းသတ်နေသည်ကို ကြည့်နေသော လူငယ်တစ်ယောက်သည် အဘွားကြီး ရေခွက်ကလေးတစ်ခုနှင့် ရေခပ်ပြီး လောင်းနေသည်ကို တွေ့ရသောအခါ–

"အမေကြီး ဘယ်လိုလုပ်နေတာလဲ၊ ဒီခွက်ကလေးနဲ့ ရေခပ်လောင်းနေလို့ မီး ဘယ်မှာငြိမ်းမှာလဲ" ဟု ပြောလိုက်သည်။

အဘွားကြီးက သူများတကာ မီးငြိမ်းသတ်နေသည်ကို ဘေးကထိုင်ပြီးကြည့်နေသူ လူငယ်အား ပြောပြသည်။

"သား၊ အဘွားလောင်းနေတဲ့ ရေနဲ့ မီးငြိမ်းသွားမှာလား၊ မသွားဘူးလားဆိုတာတော့ အဘွား မသိဘူး။ဒါပေမဲ့ သိတာတစ်ခုကတော့ ရှိတယ်။နက်ဖြန်ခါ ဒီအိမ် မီးလောင်တဲ့အကြောင်း ပြောကြရင်တော့ မီးရှို့တဲ့သူတွေရဲ့ အမည်ထဲမှာတော့ အဘွားပါမှာမဟုတ်ဘူး။ မီးငြိမ်းသတ်တဲ့ လူတွေရဲ့ အမည်ထဲမှာပဲ ပါလိမ့်မယ်"

ဘေးထိုင် ဘုပြောနေသော လူငယ်သည် အဘွားကြီးပြောသောစကားကို ကြားရသောအခါ နားလည်သဘောပေါက်သွားပြီးလျှင် သူကိုယ်တိုင် ရေပုံးတစ်ပုံးနှင့် ရေခပ်ပြီး မီးငြိမ်းသတ်နေသည်ကို တွေ့ရသည်။

***

# ဖိလစ်၏ တရားဆုံးဖြတ်ချက်

ဘုရင် အလက်ဇန်းဒါး၏ဖခင် ဘုရင်ဖိလစ်၏ နန်းတော်၌ မင်းချင်းယောကျ်ားတစ်ယောက်၏ အမှုကို ကြားနာစစ်ဆေးနေသည်။ အမှုစစ်ဆေးနေချိန်အတွင်း ဘုရင်ဖိလစ် အိပ်ငိုက်လာသည်။ဘုရင်မင်းကြီး အိပ်ငိုက်နေသည်ကို မည်သူမျှ သတိမပြုမိဘဲ အမှုကိုသာ ကြားနာ စစ်ဆေးနေသည်။တရားလိုနှင့် တရားခံ နှစ်ဘက်စလုံးမှ တစ်ဘက်နှင့် တစ်ဘက် ဖွဲချက်တင်နေကြသည်။ဘုရင်ဖိလစ် မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ မင်းချင်းယောကျ်ားကို အပြစ်ကျူးလွန်သည်ဟု သတ်မှတ်လိုက်ကြသည်။အမှုစီရင်ချက်ကို ကြားသိရသောအခါ ဘုရင်မင်းကြီးသည် တရားခံကို အပြစ်ဒဏ်ပေးသည့် အမိန့်ချမှတ်လိုက်သည်။

ဘုရင်မင်းကြီး ချမှတ်သော အပြစ်ဒဏ်အမိန့် ကြားသိရသောအခါ တရားခံက သူ့အမှုနှင့်ပတ်သက်သော စီရင်ချက် မမှန်ဟု ပြောပြပြီးလျှင် အယူခံဝင်လိုသည့်အကြောင်း ဘုရင်မင်းကြီးအား လျှောက်ထား ပြောပြလိုက်သည်။တရားခံ၏ ပန်ကြားချက်ကို ကြားရသောအခါ တရားခွင်၌ ရှိနေကြသူအားလုံး မိမိတို့၏နေရာမှ ထရပ်လိုက်ကြသည်။ ယင်းကဲ့သို့ အယူခံဝင်ခြင်းမျိုး ဘုရင်ဖိလစ်၏ အုပ်ချုပ်မှုသမိုင်း၌ တစ်ခါမျှ မရှိခဲ့ပေ။ဘုရင်အထက်တွင် အယူခံဝင်လို့ရသော မည်သည့်အဖွဲ့အစည်းမှ မရှိပေ။ထို့ကြောင့် ဘုရင်မင်းကြီး၏ ဆုံးဖြတ်ချက်သည် နောက်ဆုံးဆုံးဖြတ်ချက် ဖြစ်သည်။ဘုရင်မင်းကြီး၏ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ပြီး မည်သူ အယူခံဝင်နိုင်မည်နည်း။

ဘုရင်ဖိလစ်က မင်းချင်းယောကျ်ားအား–

“မောင်မင်း မည်သူ့ထံမှာ အယူခံဝင်မည်နည်း”ဟူ၍ မေးလိုက်သည်။ဘုရင်မင်းကြီး၏ မေးခွန်းကို ကြားရသောအခါ တရားခံက စကားတစ်လုံးချင်း အလေးအနက် လျှောက်ထားပြောပြသည်။

"ကျွန်ုပ် အိပ်ပျော်နေတဲ့ ဘုရင်ဖိလစ်၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး နိုးကြားနေတဲ့ ဘုရင်ဖိလစ်ကို အမှုနှင့်ပတ်သက်ပြီး တရားနည်းလမ်းကျကျ အဆုံး အဖြတ်ပေးဖို့ အယူခံချင်ပါတယ်" ဟု လျှောက်ထား ပြောပြလိုက်သည်။

တရားခံ မင်းချင်းယောကျ်ား၏ ပန်ကြားချက်ကို ကြားရသောအခါ ဘုရင်ဖိလစ်သည် မည်သို့မျှ ပြန်မပြောနိုင်တော့ဘဲ မင်းချင်းယောကျ်ားဘက်၏ လျှောက်လဲချက်ကို ကြားနာပြီးလျှင် သူ၏ ဆုံးဖြတ်ချက်ကိုပြင်ပြီး ဆုံးဖြတ်ချက် ချလိုက်သည်။

* * *

ဘုရားသခင်ကို ကြည်ညိုလေးစားသော ရုံကာသည် အလွန်တရာ ဆင်းရဲသူတစ်ယောက် ဖြစ်သည်။စာတတ်ပေတတ်တစ်ဦး မဟုတ်သော်ငြားလည်း တရားအသိ တရားအမြင်ရှိနေသူတစ်ဦး ဖြစ်သည်။သူ၏ဇနီး ဖံကာကလည်း သူ၏လင်ယောကျာ်းအတိုင်းပင် စိတ်သဘောထား ပြည့်ဝသည်။အကျင့်သိက္ခာ ရှိသည်။ဘုရားတရား ကြည်ညိုလေးစားသည်။လင်မယားနှစ်ယောက်သည် တောအတွင်းမှ ထင်းခြောက်များကို သယ်ဆောင်ယူလာပြီး ရောင်းချလျက် အသက်မွေးဝမ်းကျောင်း ပြုလုပ်နေကြရသည်။

တစ်နေ့သောအခါ၌ ယောကျာ်းဖြစ်သူ ရုံကာသည် တောထဲတွင် ရွှေဒင်္ဂါးများထည့်ထားသောအိတ်ကို တွေ့ရသည်။ရွှေဒင်္ဂါးများထည့်ထားသောအိတ်ကို တွေ့ရသောအခါ ကပျာကယာ ရွှေဒင်္ဂါးအိတ်ကို မြေကြီးဖြင့် ဖုံးအုပ်ထားလိုက်သည်။ထိုအခိုက် သူ၏ဇနီးက သူ့နောက်လိုက်လာပြီးလျှင် "ဘာကို မြေကြီးနှင့်ဖုံးထားသလဲ"ဟု မေးသောအခါ ရုံကာက–

"ရွှေဒင်္ဂါးထည့်ထားတဲ့အိတ်ကိုတွေ့လို့ မြေကြီးနှင့်ဖုံးထားလိုက်တာ၊ ရွှေဒင်္ဂါးအိတ်ကိုတွေ့ရင် ညည်းစိတ်ထဲမှာ မတော်လောဘပေါ်လာမှာစိုးတဲ့အတွက်ကြောင့် ဖြစ်တယ်"ဟု ပြန်ပြောသည်။

ဘုရားတရား ကြည်ညိုလေးစားပြီး သဘောထားပြည့်ဝသော ဇနီးဖြစ်သူက "ရွှေနှင့်မြေကြီး ဘယ်လိုခြားနားလို့ ရှင် မြေကြီးနှင့် ဖုံးအုပ်ထားလိုက်တာလဲ"ဟု ပြောသည်။

ယင်းသို့ပြောပြီးလျှင် ဇနီးမောင်နှံနှစ်ယောက်သည် ရွှေဒင်္ဂါးများကို ထားခဲ့ပြီး အိမ်ပြန်လာကြသည်။အကြောင်းတိုက်ဆိုင်ချင်တော့ ထိုနေ့က မိုးကြီးသည်းထန်စွာ ရွာချလိုက်သည့်အတွက် ဇနီးမောင်နှံ

နှစ်ယောက်သည် တောထဲက ထင်းခွေမလာနိုင်ခဲ့သောကြောင့် ထိုနေ့ ထမင်းမစားဘဲ အိပ်လိုက်ကြရသည်။

ဇနီးမောင်နှံနှစ်ယောက်တို့သည် မျက်စိမှိတ်ပြီး ရွှေဒင်္ဂါးပြားများကို မြင်ရရုံနှင့် ဤမျှ စိတ်မချမ်းမသာဖြစ်ကြသည်ဖြစ်ရာ အကယ်၍ ရွှေဒင်္ဂါးပြားများကို အိမ်ယူလာခဲ့ပါမူကား မည်မျှ စိတ်ဆင်းရဲမည်နည်း ဟူ၍ စဉ်းစားကြည့်နေမိကြသည်။

* * *

အဝေးပြေးလမ်းတစ်လမ်း၏ဘေးတွင် ညောင်ပင်တစ်ပင်နှင့် သပြေပင်တစ်ပင်၊ တစ်ပင်နှင့်တစ်ပင် မလှမ်းမကမ်းမှာ ပေါက်နေကြသည်။နှစ်အတန်ကြာသွားပြီဖြစ်သော အချိန်ကာလအတွင်း ညောင်ပင်နှင့် သပြေပင် နှစ်ပင်လုံး ကြီးထွားလာကြသည်။တစ်နေ့သောအခါ၌ ညောင်ပင်က သပြေပင်ရှိရာသို့ လက်ကမ်းလျက် မိတ်ဆွေဖွဲ့သည်။ ညောင်ပင်နှင့် သပြေပင်တို့သည် မိတ်ဆွေဖြစ်သွားကြပြီးလျှင် ဆင်းရဲချမ်းသာ၊ ချမ်းသာဆင်းရဲ အေးအတူ ပူအမျှ စိတ်ဝမ်းကွဲပြားခြင်းမရှိဘဲ ညီတူညီမျှ လက်တွဲခဲ့ကြသည်။

ညတစ်ည၌ လေပြင်းမုန်တိုင်း ကျရောက်လာသည်။မိုးသည်းထန်စွာ ရွာသွန်းသည်။လေပြင်းမုန်တိုင်းကြောင့် သစ်ပင်နှစ်ပင်သည် အမြစ်က ပြုတ်ထွက်မတတ် ဖြစ်နသည်။သို့သော်လည်း တစ်ပင်နှင့်တစ်ပင် လက်ကမ်းကြသည်။အကူအညီပေးကြသည်။စည်းလုံးညီညွတ်ပြီး မိတ်ဆွေစိတ် စွန့်လွှတ်ခြင်း မရှိကြသောကြောင့် မုန်တိုင်းဘေးက လွတ်မြောက်သွားကြသည်။အချိန်ကြာလေလေ သစ်ပင်နှစ်ပင်ကြားထဲတွင် ချစ်ခင်ရင်းနှီးမှု ပိုလာလေလေဖြစ်သောကြောင့် ခပ်လှမ်းလှမ်းမှ လှမ်းကြည့်လျှင် သစ်ပင်နှစ်ပင်ဟု မထင်ရဘဲ တစ်ပင်တည်းသော သစ်ပင်ဟူ၍ ထင်နေရသည်။

ယင်းအခြေအနေ၌ လေပြင်းမုန်တိုင်း ဘယ်လောက်တိုက်ခတ်လာလာ၊ မိုးမည်မျှ သည်းထန်စွာ ရွာလာလာ သစ်ပင်နှစ်ပင်သည် တစ်ပင်နှင့်တစ်ပင် စည်းလုံးညီညာမှု ဖြစ်နေသောကြောင့် ဘယ်လိုဒုက္ခမျိုးကိုမှ အပြုံးမပျက်ဘဲ ခံနိုင်ရည်ရှိနေကြသည်။

* * *

ရှေးခေတ်အခါက ဖြစ်ပျက်ခဲ့သော အကြောင်းအရာတစ်ခု ဖြစ်သည်။

ထိုအချိန်က လူပေါင်း အတော်များများသည် အုပ်စုဖွဲ့လျက် ယာဉ်မစီးဘဲ ခရီးသွားကြသည်။ယင်းကဲ့သို့သော ခရီးသွားအုပ်စုတစ်စု၌ လူတိုင်းလူတိုင်း ဝန်ထုပ်ဝန်ပိုးကို ကျောပေါ်တွင် ပိုးလျက် ခရီးသွားနေကြသည်။လေးလံသော ဝန်ထုပ်ဝန်ပိုးကို ကျောပိုးထားရသည့်အတွက် ခါးကုန်းနေကြသည်။လမ်းလျှောက်ရသည်မှာလည်း ဒယိမ်းဒယိုင်ဖြစ်နေကြသည်။နှုတ်ခမ်းများလည်း ခြောက်နေကြ၏။အားလုံး၏ အခြေအနေမှာ ကရုဏာသက်ဖွယ် အခြေအနေမျိုး ဖြစ်နေသည်။

ယင်းခရီးသွားအုပ်စုထဲတွင် တစ်ယောက်မှာ လက်ထဲတွင်လည်း ဘာပစ္စည်းမှ ပါမလာပေ။ကျောပေါ်တွင်လည်း ဘယ်လိုအထုပ်အပိုးမျိုးကိုမှ ပိုးမလာပေ။ထိုပုဂ္ဂိုလ်၏အမည်မှာ ဒဿနပညာရှင်ကြီး “ဝါယဆ” ဖြစ်သည်။အုပ်စုထဲတွင်ပါသော တစ်ယောက်က သူ့မိတ်ဆွေတစ်ယောက်ကို “ဟော့ ကြည့်စမ်း၊ ဒီငမွဲဆီမှာ ဘာပစ္စည်းမှ ပါမလာပါလား”ဟု ပြောပြီး မေးငေါ့ပြလိုက်သည်။အုပ်စုတစ်ခုဘည်းက တစ်ယောက်ပြောသောစကားကို ဒဿနပညာရှင်ကြီး ကြားရ၍ ရယ်လိုက်သည်။

တခြားလူများက ဒဿနပညာရှင်ကြီးကို “ဘယ်လိုလဲ မိတ်ဆွေ၊ ဘာကြောင့် ရယ်တာလဲ”ဟု မေးသည်ဖြစ်၍ ဒဿနပညာရှင်ကြီးက ပြန်ပြောသည်။

“မိတ်ဆွေတို့အားလုံး ကိုယ်စီကိုယ်င ပစ္စည်းဥစ္စာ နည်းများမဆို သယ်ပြီးသွားနေကြတယ်။ဒါပေမဲ့ ကျွန်ုပ်ကတော့ ကျုပ်နဲ့အတူ ပစ္စည်းဥစ္စာ အားလုံးကို ယူလာခဲ့တယ်။ကျုပ်ဆီမှာ အဖိုးမဖြတ်နိုင်တဲ့ အတွေးအခေါ် ပစ္စည်းဥစ္စာ ရှိတယ်။အဲဒီပစ္စည်းဥစ္စာကို ဘယ်သူမှ ခိုးယူလို့လည်း မရဘူး။လုယူလို့လည်း မရဘူး။အဲဒီပစ္စည်းဥစ္စာ သယ်ဆောင်သွားတဲ့နေရာမှာ ဝန်ထုပ်ဝန်ပိုး သယ်သွားရသလို လေးတယ်ဆိုတာလည်း မရှိဘူး”

* * *

# သူတောင်းစားလောက်မှ စိတ်မချမ်းသာတဲ့ ပညာရှင်ကြီး

ရှေ့ခ်ဆာဒီသည် အလွန်တရာ ကျော်ကြားသော ဖကီးလည်း ဖြစ်သည်။အလွန်တရာ ကြီးကျယ်သော ပညာရှင်လည်း ဖြစ်သည်။ တစ်နေ့သောအခါ၌ ရှေ့ခ်ဆာဒီသည် တစ်နေရာသို့ ခရီးထွက်သွားသည်။လမ်းတွင် သူတောင်းစားတစ်ယောက် ထိုင်နေသည်ကို တွေ့ရသည်။သူတောင်းစားကို ကြည့်ရသည်မှာ အလွန်တရာ ရွှင်လန်းချမ်းမြေ့မှု ရှိနေသည်ဟု ထင်ရသည်။သူတောင်းစားကို တွေ့ရသောအခါ ရှေ့ခ်ဆာဒီသည်–

"ငါဟာ သူတော်စင်တစ်ယောက်ဖြစ်ပါလျက်နှင့် တစ်နေ့လုံး စိတ်ငြိမ်းချမ်းမှုမရှိဘဲ မကြည်မလင် ဖြစ်နေတာကသာ များတယ်။ဒါပေမဲ့ ဒီသူတောင်းစားကတော့ ဘာပစ္စည်းမှမရှိဘဲ နေရပေမယ့် ရွှင်လန်းချမ်းမြေ့မှု ရှိနေတယ်။သူတောင်းစားဖြစ်ရုံမျှသာမက ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသူတစ်ယောက်လည်း ဖြစ်နေတယ်။ဒီလိုဖြစ်နေပါလျက် ဒီ သူတောင်းစားကို ကြည့်ရတာ စိတ်ချမ်းသာနေတယ်လို့ ထင်ရတယ်။ ဘယ်လိုလျှို့ဝှက်ချက်ရှိသလဲ မသိဘူး"

ယင်းသို့ စဉ်းစားပြီးလျှင် ရှေ့ခ်ဆာဒီသည် သူတောင်းစားကို မေးကြည့်လိုက်သည်။

"မိတ်ဆွေဟာ ဘာတစ်ခုမှ ပိုင်ဆိုင်တဲ့ ပစ္စည်းမရှိပေမယ့် စိတ်ချမ်းချမ်းသာသာဖြစ်နေတာ ဘာကြောင့်လဲ"

သူတောင်းစားက ပြန်ပြောသည်။"ကျွန်ုပ်ရဲ့ဘဝမှာ မရှိဘူးဆိုတာကို မတွေ့ရပါဘူး။ကျွန်ုပ်ဆီမှာ ခြေထောက်မရှိပေမယ့် ဘုရင်သခင်က ကျွန်ုပ်ကို ဦးနှောက်ပေးထားတယ်။ကျွန်ုပ်ဆီမှာ မျက်စိရှိတယ်။ လက်ရှိတယ်။အကြီးကျယ်ဆုံးကတော့ ကျွန်ုပ်ဆီမှာအသက်ရှိနေတယ်။

အဲဒါတွေ ရှိနေတဲ့အတွက် ကျွန်ုပ်ဆီမှာ ပစ္စည်းဥစ္စာ မရှိဘူးဆိုတာကိုလည်း သတိမရဘူး။ခြေထောက်မရှိဘူးဆိုတာကိုလည်း မေ့နေတယ်"

သူတောင်းစားပြောသောစကားကို ကြားရသောအခါ ရှေ့ခ်ဆာဒီသည် စိတ်ရွှင်လန်းချမ်းမြေ့ခြင်း၏ လျှို့ဝှက်ချက်ကို သိရှိနားလည်သွားသည်။ယင်းသို့ သိရှိနားလည်သွားသည်ဖြစ်၍ ရှေ့ခ်ဆာဒီသည် "ငါတို့သည် မိမိတို့ထံ၌ ရှိနေသော စိတ်ချမ်းသာစရာများကို မေ့နေကြပြီး အခါခပ်သိမ်း မရှိမှုကို အကြောင်းပြုလျက် ငိုကြွေးမနေကြရဘူး"ဟူသော အမှန်တရားကို သိရှိနားလည်သွားသည်။

* * *

မုရှိဒါဗတ်၌နေသော မုနိလာလအမည်ရှိ ကုန်သည်ကြီးတစ်ယောက်သည် အသိဉာဏ်ကို အသုံးပြုလျက် ကြိုးစားအားထုတ်သောကြောင့် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာနေသည်။သူဌေးကြီးသည် ရှာဖွေရရှိသော ပစ္စည်းဥစ္စာကို ဆင်းရဲချို့တဲ့သူများအားလည်း စိတ်သဘောထား ဖြူစင်စွာနှင့် ပေးဝေဖြန့်ဖြူးနေသူဖြစ်သည်။ထို့ကြောင့် ပတ်ဝန်းကျင်၌ရှိနေကြသော ဆင်းရဲချို့တဲ့သူ လူတန်းစားများတွင် သူဌေးကြီး၏ ကြီးမားသောသြဇာ လွှမ်းနေသည်။လူပေါင်းများစွာတို့က သူဌေးကြီးကို ဘုရားသခင်၏ တမန်တော်သဖွယ် ထင်မှတ်နေကြ၏။

သူဌေးကြီး၏ ထင်ပေါ်ကျော်ကြားမှုကို တွေ့ရသည်ဖြစ်၍ တရားဟောဆရာတစ်ယောက်က "သူဌေး မုနိလာလကို အယုံယွင်းပြီး ငါတို့ ဘာသာတရားကို ဖြန့်ဖြူးရရင် အောင်မြင်လိမ့်မယ်"ဟု တွေးတောလျက် သူဌေး မုနိလာလထံသွားသောအခါ မုနိလာလ၏ညှော့ခန်း၌ မယ်တော် မာရီယံ၏ ပုံကြီးတစ်ပုံချိတ်ထားသည်ကို တွေ့ရသည်။တရားဟောဆရာက သူဌေးကြီးကို မေးလိုက်သည်။

"သူဌေးကြီးခင်ဗျာ၊ သူဌေးကြီးဟာ ဟိန္ဒူအမျိုးသား ဖြစ်ပါလျက် မယ်တော် မာရီယံကို ဘာကြောင့် ကြည်ညိုနေရသလဲ"ဟု မေး လိုက်သည်။

သူဌေးကြီးက အလွယ်တကူ ပြန်ပြောလိုက်သည်။

"ကျွန်ုပ် မယ်တော် ဒုရကာနှင့် ကရဏာရှင် မာရီယံကို အတူတူလို့ပဲ သဘောထားတယ်။ကျွန်ုပ်ကိုးကွယ်တဲ့ ဘာသာတရားရဲ့အခြေခံဟာ ကမ္ဘာ့လောကကြီး ညီရင်းအစ်ကိုဖြစ်ကြဖို့နဲ့ ဘာသာတရားအားလုံး ညီညီညွတ်ညွတ်ပေါင်းစည်းညီညွတ်ဖို့ ဖြစ်တယ်"

ကုန်သည်တစ်ယောက်၏နှုတ်မှ ယင်းကဲ့သို့ ဓမ္မဂင်္ဂါမြစ် စီးဆင်းနေသည်ကို တွေ့ရသောကြောင့် တရားဟောဆရာတစ်ယောက်သည် ဘာသာတရားတစ်ခုခု ပြန့်ပွားမှုဟူသော ကျဉ်းမြောင်းသော အတွေးအခေါ်ကို စွန့်လွှတ်လျက် ဘာသာတရားအားလုံးကို ညီတူညာတူ ကိုးကွယ်သူတစ်ဦး ဖြစ်လာသည်။

* * *

ကိုလံဗတ်သည် အသက်စွန့်ပြီး လပေါင်းများစွာ ပင်လယ်ခရီး ရွက်လွှင့်သွား သည့်အတွက် သူ့ကြိုးပမ်းမှု၏ ရလဒ်အဖြစ် အမေရိကတိုက်ကို ရှာဖွေတွေ့ရှိသည်။ထိုအချိန်၌ ကိုလံဗတ်၏ကြိုးပမ်းမှုကို ချီးကျူးဂုဏ်ပြုသူများ ရှိသလို၊ ကိုလံဗတ်၏ အောင်မြင်မှုနှင့်ပတ်သက်ပြီး မရှုဆိတ်နိုင်သော မိတ်ဆွေတချို့လည်း ရှိသည်။ယင်းမရှုဆိတ်သူများက “အမေရိကကို ရှာဖွေတွေ့ရှိတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။အခွင့်အရေးပေးမယ်ဆိုရင် ကျုပ်တို့လည်း မလုပ်နိုင်စရာ အကြောင်းမရှိဘူး”ဟု မေးငေါ့ကြသည်။

ကိုလံဗတ်သည် ယင်းသို့ အကောင်းမမြင်ဘဲ အဆိုးကိုသာကြည့်ပြီး ဝေဖန်ရှုတ်ချကြသော လူတွေကို တစ်နေ့သောအခါ၌ ဖိတ်ပြီး ကျွေးမွေးဧည့်ခံသည်။ ဧည့်ခံကျွေးမွေးနေချိန်၌ ကိုလံဗတ်သည် ကြက်ဥပြုတ်တစ်လုံးကို အယူခိုင်းပြီး ကြွရောက်လာကြသော လူတွေကို “အမေရိကတိုက်ကို ရအောင်ရှာဖို့အလုပ် မခက်ခဲပါဘူးလို့ ပြောတဲ့လူတွေ အဲဒီအလုပ်မျိုး မလုပ်ခင် ဒီကြက်ဥကို ထောင်ပြကြစမ်းပါ”ဟု ပြော လိုက်သည်။

ဧည့်ခံပွဲရောက်လာသူထဲက တစ်ယောက်စီ တစ်ယောက်စီ ကိုလံဗတ်ပြောသည့်အတိုင်း ကြက်ဥကို ထောင်ကြည့်ကြသည်။သို့သော်လည်း ကြက်ဥကို ထောင်၍မရပေ။ထိုအချိန်၌ ကိုလံဗတ်သည် ထိပ်တစ်ဘက်ကို အနည်းငယ်ခွဲပြီး ထောင်ပြလိုက်သည်။ကိုလံဗတ် ကြက်ဥထောင်ပြသည်ကို တွေ့ရသောလူများက “ကြက်ဥထောင်ပြတာ ဘယ်လောက်ခက်ခဲတဲ့အလုပ်ဖြစ်လို့လဲ၊ ကျုပ်တို့လည်း လုပ်နိုင်ပါတယ်” ဟု ပြောကြသည်။ထိုအခါ ကိုလံဗတ်က ရင်ဖွင့်သည်။

“မိတ်ဆွေတို့လည်း လုပ်နိုင်တယ်ဆိုတာ မှန်ပါလိမ့်မယ်။ဒါပေမဲ့ အခွင့်အလမ်းပေါ်တဲ့ အချိန်တုန်းက မိတ်ဆွေတို့ မလုပ်ကြဘူး။အဲဒီလိုပဲ အမေရိကကိုလည်း ဘယ်သူမဆို ရှာလို့တွေ့နိုင်ပါတယ်။ကျုပ် အခွင့်အလမ်းရတဲ့အတွက် လုပ်ပြလိုက်တယ်။ကြီးကျယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။ဒါပေမဲ့ အားထုတ်မှုနဲ့ အကြံဉာဏ်တော့ လိုအပ်လိမ့်မယ်”

* * *

လူတစ်ယောက်သည် ကွယ်လွန်သွားပြီး ယမမင်း၏စံနန်း ရောက်သွားသောအခါ သူပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများကို တွေးလျက် ယမမင်းက သူ့ကို နတ်ပြည်ပို့လိမ့်မည်ဟု သေချာပေါက် တွက်ထားသည်။ယမမင်းထံ ရောက်သောအခါ ယမမင်း၏အမိန့်ကို ကြားရသောကြောင့် အကြီးအကျယ် တအံ့တသြ ဖြစ်သွားသည်။ယမမင်းက "ထိုသူကို ကောင်းမှုပြုလုပ်ခြင်းက နည်းပြီး မကောင်းမှုပြုလုပ်ခြင်းက များသည့်အတွက် ငရဲပြည် အရင်သွားရမည်။ငရဲပြည်မှာ အချိန်အတန်ကြာ နေပြီးမှ နတ်ပြည်မှာ နေခွင့်ရလိမ့်မည်"ဟု အမိန့် ချမှတ်လိုက်သည်။

ယမမင်း၏ အမိန့်ကို ကြားရသောအခါ ထိုသူက စောဒကတက်ပြန်သည်။

"ယမမင်းခင်ဗျာ၊ ကျွန်ုပ် တစ်သက်လုံး ကုသိုလ်ကောင်းမှုအလုပ်မှ တစ်ပါး တခြား ဘယ်အလုပ်ကိုမှ မလုပ်ခဲ့ဘူး။ရှာဖွေလို့ရတဲ့ ပစ္စည်းဥစ္စာ ငွေကြေး အားလုံးလှူပစ်တယ်။အဲ့ဒါထက်ပိုပြီး ကျွန်ုပ် ဘာလုပ်နိုင်ဦးမှာလဲ"

ယမမင်းက ပြန်ပြောသည်။

"မောင်မင်း အလှူဒါန ပေကမ်းလှူဒါန်းခဲ့တာတော့ မှန်ပါတယ်။ဒါပေမဲ့ မောင်မင်း လှူတာတန်းတာတွေဟာ အလှူခံထိုက်သူများလက်ထဲ မရောက်ဘူး။ ပင်လယ်သမုဒ္ဒရာထဲ မိုးရွာချသလို ပြီးပြည့်စုံပြီး မလိုတဲ့လူတွေလက်ထဲကိုသာ ရောက်သွားတယ်။မောင်မင်းလှူတဲ့ အလှူဒါနများဟာ တကယ်လိုအပ်တဲ့လူတွေ အတွက်မဟုတ်ဘဲ အဆိပ်ပင် ရေလောင်းသလို မလိုအပ်တဲ့လူတွေဆီ ရောက်သွားပြီး သုံးဖြုန်းပစ်တဲ့အတွက် ကောင်းမှုပြုလုပ်ရာမရောက်ဘဲ မကောင်းမှုပြုလုပ်တာနဲ့ ဘယ်လိုမှ ခြားနားချက်မရှိဘူး ဖြစ်နေတယ်။ဒါ့ကြောင့် မောင်မင်းကို ငရဲပြည် ပထမသွားဖို့ အမိန့်ချမှတ်လိုက်ရခြင်း ဖြစ်တယ်။"

* * *

# ရွှေဒင်္ဂါးမျက်နှာ မဟုတ်ပါဘူး

မြို့တစ်မြို့၌ ကပ်စေးနဲ့ကော်တရာတစ်ယောက် ရှိသည်။သူ ကပ်စေးနဲ့ကော်တရာဖြစ်ကြောင်းကို အားလုံးသိနေကြသည်။တစ်နေ့သ၌ ဘုရားကျောင်းတွင် တရားပွဲကျင်းပနေစဉ် ကပ်စေးနဲ့ကော်တရာက ဘုရားကျောင်း ရောက်သွားသည်။ ကပ်စေးနဲ့ကော်တရာသည် နေ့စဉ်နေ့တိုင်း ဘုရားကျောင်းသွားပြီး ထောင့်တစ်ထောင့်တွင်ထိုင်လျက် တရားနာကြားနေတတ်၏။တရားပွဲ အဆုံးသတ်သည့်နေ့က ဘုရားကျောင်းအတွက် အလှူငွေကောက်ခံသည်။

တရားနာပရိသတ်အားလုံး သဒ္ဓါတရားအလျောက် ပေးကမ်းလှူဒါန်းကြသည်။ကပ်စေးနဲ့ကော်တရာအလှည့် ရောက်သောအခါ တရားနာပရိသတ်ရှေ့တိုးသွားပြီး အလှူငွေ လှူသည်။ထိုအခါ ကပ်စေးနဲ့ ကော်တရာ၏အိတ်ထဲမှ ရွှေဒင်္ဂါးပြားများ ထွက်ကျလာသည်ကို မြင်ရသောကြောင့် တအံ့တသြဖြစ်သွားကြသည်။

ကပ်စေးနဲ့ကော်တရာ အလှူငွေ ပေးလှူပြီး သူစောစောက ထိုင်နေသောနေရာသွားပြီး ထိုင်နေလိုက်သည်။ထိုအခါ တရားဟောဆရာက "သူဌေးကြီးခင်ဗျာ အဲဒီနေရာမှာ မထိုင်ပါနဲ့၊ ဒီကိုကြွလာပြီး ခုံမြင့်ပေါ်မှာ ထိုင်ပါ"ဟု ဖိတ်သည်။

ထိုအခါ ကပ်စေးနဲ့ကော်တရာက "ကျုပ် နေ့စဉ်နေ့တိုင်း ယခုထိုင်နေတဲ့နေရာမှာပဲ ထိုင်လာခဲ့တယ်။အဲဒီတုန်းက ဆရာကြီး ကျုပ်ကို တစ်ခါမှ ဆရာကြီးဘေးက ခုံမြင့်ပေါ်မှာ လာထိုင်ဖို့ ဖိတ်ခေါ်တာ မရှိခဲ့ဘူး။ဒီကနေ့ ရွှေဒင်္ဂါးပြားများ ပေးလှူတော့ ကျုပ်ကို ဆရာကြီးဘေးက ခုံမြင့်ပေါ်မှာ လာထိုင်ဖို့ ဖိတ်ခေါ်နေတယ်။ ယခုလို ဖိတ်ခေါ်တာဟာ ကျုပ်ကို လေးစားလို့ မဟုတ်ဘူး။ရွှေဒင်္ဂါးပြားတွေကို လေးစားလို့ မဟုတ်လား"ဟု မေးလိုက်သည်။

တရားဟောဆရာက ပြန်ပြောသည်။

"အဲဒီလိုမဟုတ်ပါဘူး။နေ့စဉ်နေ့တိုင်း ရွှေဒင်္ဂါးပြားတွေ သူဌေးကြီးဆီမှာ ရှိနေတာပဲ။သူဌေးကြီးဆီမှာရှိနေတဲ့ ရွှေဒင်္ဂါးပြားများကို ကျုပ် အလေးမထားပါဘူး။ ဒီကနေ့တော့ ရွှေဒင်္ဂါးပြားများကို သူဌေးကြီး ရက်ရက်ရောရောလှူဒါန်းတာ တွေ့ရတယ်။သူဌေးကြီးရဲ့ ဒီကနေ့ ထူးထူးခြားခြား သဒ္ဓါတရားဖြစ်လာပုံကို လေးစားတဲ့အတွက် ယခုလို ဂုဏ်ပြုတဲ့အနေနဲ့ ထိုင်ခုံပေါ်မှာ လာထိုင်ဖို့ ဖိတ်ခေါ်ရတာပါ"



* * *

တစ်ချိန်တုန်းက မဟတ္တမဂန္ဒီ အေလဟာဗက်မြို့သို့ သွားသောအခါ ဂျဝါဟာလာနေရူးတို့၏ အာနန္ဒဘဝန်ခေါ် အိမ်ဂေဟာ၌ တည်းခိုနေသည်။ပုဂ္ဂိုလ်ကြီးနှစ်ဦးသည် နံနက်မိုးသောက် အလင်းရောက်သောအခါ မြစ်ကမ်းပါးသွားပြီး ကိုယ်လက်ဆေးကြောသုတ်သင်သည့် အလုပ် ပြုလုပ်ကြသည်။

နှစ်ဦးသားသည် မြစ်ကမ်းဘေး၌ စကားလည်း ပြောနေကြသည်။ဂန္ဒီ၏ "လိုတာ"ခေါ် ရေခွက်ထဲတွင် ရေကုန်သွားသည်။ဂန္ဒီက ပြောလိုက်သည်။

"အလို . . ရေလည်း မရှိတော့ပါကလား။ပလုတ်ကျင်းဖို့ ရေလောက်ပဲ ကျန်တော့တယ်"

ဂန္ဒီ၏စကားကို ကြားရသောအခါ နေရူးက ပြောသည်။

"ဗာပူဒီမြစ်က ယမုန်နာမြစ်ပါ။အဆက်မပြတ် စီးဆင်းနေတယ်။ လိုချင်သလောက် ရေယူလို့ ရပါတယ်။ဒီမြစ်မှာ ရေနည်းတယ်။ ရေခန်းတယ်ဆိုတာ မရှိပါဘူး"

နေရူး၏စကားကို ကြားရသည်ဖြစ်၍ ဂန္ဒီကပြုံးပြီး ပြောသည်။

"ဂျဝါဟာလာပြောတာ မှန်တယ်။ယမုန်နာမြစ် စီးဆင်းနေတယ်။ဒါပေမဲ့ ယမုန်နာမြစ်ဟာ ကျုပ်တစ်ယောက်တည်းအတွက် မဟုတ်ဘူး။လူ သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ ယမုန်နာမြစ်ရေကို သုံးစွဲနေကြတယ်။ကျုပ်အနေနဲ့ မိမိအတွက် သုံးဖို့ ရေပမာဏထက် များပြီး သုံးတဲ့အလုပ်ကို မလုပ်ချင်ဘူး"

* * *

ဘာရာတိန္ဒုဟရိကျန်သည် အိန္ဒိယနိုင်ငံရှိ ရှေးခေတ်က နာမည်ကျော်ကြားသော စာရေးဆရာကြီးတစ်ယောက် ဖြစ်သည်။ဟရိကျန်သည် ဗဒလာလီ၌ နေထိုင်သည်။ထိုအချိန်က ဟရိကျန်သည် ဆင်းရဲနွမ်းပါးသည်ဖြစ်၍ ပေးစာတွင် စာအိတ်ခေါင်းကပ်ဖို့ပင် ပိုက်ဆံမသုံးနိုင်သောကြောင့် သူ၏စားပွဲပေါ်၌ ခေါင်းမကပ်ရသေးသော စာအိတ်အတော်များများ ရှိနေသည်။တစ်နေ့သောအခါ၌ ဟရိကျန်၏မိတ်ဆွေတစ်ယောက် ဟရိကျန်ထံရောက်လာပြီး ခေါင်းမကပ်ရသေးသော စာအိတ်များကို တွေ့ရသည်ဖြစ်၍ ဟရိကျန်အား ရူပီး ငါးရူပီးပေးလျက် "ဆရာ . . ဒီပေးစာတွေကို မြန်မြန်ပို့လိုက်ပါ။စာလက်ခံမယ့်လူတွေ စောင့်နေကြလိမ့်မယ်"ဟု ပြောသည်။

အချိန်ကာလ ပြောင်းလဲသွားသည်နှင့်အမျှ အခြေအနေများလည်း ပြောင်းလဲသွားသည်။ဟရိကျန်တစ်ယောက် နေနိုင် စားနိုင် သုံးနိုင် စွဲနိုင်သည့် အခြေအနေ ရောက်ရှိလာသည်။ထိုအချိန်၌ သူ ဆင်းရဲနွမ်းပါးစဉ်က သူ့ထံလာပြီး ငါးရူပီးပေးသွားသောမိတ်ဆွေ ရောက်လာပြန်သည်။ဟရိကျန်သည် ထိုမိတ်ဆွေလာတိုင်း မိတ်ဆွေ၏အိတ်ထဲ ငါးရူပီး ထည့်ထည့်ပေးသည်။နေ့ရက်ပေါင်းများစွာ ယင်းကဲ့သို့ သူလာတိုင်း ငါးရူပီး ပေးပေးနေသည်ကို တွေ့သောအခါ တစ်နေ့ ထိုမိတ်ဆွေက ဟရိကျန်၏လက်ကို ဖမ်းကိုင်ထားပြီး "ဆရာ . . ကျုပ်ကို ပေးတာများလွန်းနေပြီ။ကျုပ်က ဆရာ့ကို တစ်ကြိမ်တစ်ခါသာ ငါးရူပီးပေးခဲ့တယ်။ဆရာက ကျုပ်ကို အကြိမ်နှစ်ဆယ်လောက် ငါးရူပီး ငါးရူပီး ပေးနေတယ်။ဒီကနေ့တော့ မယူပါရစေနဲ့"ဟု ပြောပြသည်။

မိတ်ဆွေ၏စကား ကြားရသောအခါ ဟရိကျန်က ပြန်ပြောသည်။

"ကျုပ် အခြေအနေမကောင်းတဲ့အချိန်တုန်းက မိတ်ဆွေ ကျုပ်ကို ငါးရူပီးပေးပြီး အကူအညီပေးခဲ့တယ်။ကျုပ်တစ်သက်လုံး မိတ်ဆွေကို နေ့စဉ်နေ့တိုင်း ငါးရူပီးပေးနေတာတောင်မှ မိတ်ဆွေရဲ့ကြွေး ကျေမှာမဟုတ်ဘူး"

* * *

နာမည်ကျော် ရုပ်တုဆရာတစ်ဦးသည် သူ၏သားကို ရုပ်တုထုလုပ်သော အတတ်ပညာ သင်ပေးသည်။သားဖြစ်သူသည် သူ၏ဖခင်သင်ပေးသော ရုပ်တုထုလုပ်သည့်ပညာကို တတ်အောင်သင်ကြားပြီးလျှင် အချိန်မကြာခင်အတောအတွင်း၌ လက်ရာမြောက် ရုပ်တုများကို ထုလုပ်သည်။သို့သော်လည်း ဖခင်ဖြစ်သူသည် သားထုလုပ်သော ရုပ်တုများတွင် ချို့ယွင်းချက်တစ်ခုခုကို ထုတ်မပြဘဲ မနေပေ။

ထိုနည်းအတိုင်း သားနှင့်ဖခင်၏ ဆက်ဆံရေးသည် ဆက်လက်ရှင်သန်လာလျက် နှစ်ပေါင်းများစွာ ကုန်ဆုံးကျော်လွန်လာသည်။သားဖြစ်သူသည် သူ၏ဖခင်ကဲ့သို့ လက်ရာမြောက် ရုပ်တုများကို ထုလုပ်နိုင်သော ရုပ်တုဆရာ ဖြစ်လာသည်။

တစ်နေ့သောအခါ၌ သားဖြစ်သူသည် အလွန်တရာ လက်ရာမြောက်ပြီး မြင်ရသူတိုင်း ငေးကြည့်ရလောက်သည့် ရုပ်တုတစ်ခုကို ထုလုပ်ပြီးလျှင် ယင်းရုပ်တုကို မိတ်ဆွေတစ်ယောက်ကတစ်ဆင့် သူ၏ဖခင်ထံ အပို့ခိုင်းလိုက်သည်။

ဖခင်ဖြစ်သူသည် ရုပ်တုကိုကြည့်လျက် သားဖြစ်သူ၏မိတ်ဆွေအား အကြီးအကျယ် ချီးကျူးစကား ပြောကြားသည်။ယင်းရုပ်တု၌ ပြောစရာအပြစ်တစ်ခုမှ ရှာမတွေ့ပေ။ယင်းရုပ်တုနှင့် ပတ်သက်ပြီး ထိုကဲ့သို့ ချီးကျူးစကားပြောကြားသည်ကို ကြားရသောအခါ အကွယ်တစ်နေရာ၌ ပုန်းကွယ်နေသော သားဖြစ်သူက အပြင်ဘက်ထွက်လာပြီးလျှင် ဖခင်ဖြစ်သူအား ဂုဏ်ယူမော်ကြွားစွာဖြင့် "အဖေ၊ ဒီရုပ်တု ထုလုပ်တာ ကျွန်တော်ပါ။ဒီရုပ်တုမှာ အဖေ အပြစ်ပြောစရာ ဘာတစ်ခုမှ မရှိဘူးမဟုတ်လား"ဟု ပြောလိုက်သည်။သားဖြစ်သူ၏စကားကို ကြားရသောအခါ အဖေဖြစ်သူက ပြန်ပြောသည်။

"သား . . အဖေပြောတာ မြဲမြဲမှတ်ထား။ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေတဲ့ လူတစ်ယောက်အတွက် တိုးတက်ကြီးပွားရေးလမ်းက တံခါးပိတ်ထားတယ်။ယနေ့အထိ အဖေ သားကို မချီးမွမ်းဘဲ သားရဲ့ ရုပ်တုတွေမှာ အပြစ်အနာအဆာ တစ်ခုမဟုတ်တစ်ခု ထုတ်ဖော်ပြောပြ လာခဲ့တယ်။အဲ့ဒါကြောင့် သားအနေနဲ့ ယနေ့ ယခုလို လက်ရာမြောက် ပြီး လှတဲ့ ရုပ်တုများကို ထုလုပ်နိုင်တာ ဖြစ်တယ်။သား ယခုပြုလုပ်တဲ့ ပြဇာတ်ကြောင့် သားပဲ ပျက်စီးဆုံးရှုံးသွားစရာ အကြောင်းရှိတယ်"

ဖခင်၏စကားကို ကြားရသောအခါ သားဖြစ်သူသည် ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရသွားရသည်။နောက်တစ်ကြိမ် ယခုလို ပြဇာတ်မျိုးကို ဘယ်တော့မှ မလုပ်တော့ပါဘူးဟူ၍ အာမခံ ပေးလိုက်သည်။

* * *

# သူတော်စင်၏ စေတနာ

သူတော်စင် တုကာရာမသည် အလွန်တရာ ကြင်နာထောက်ထား တတ်သူ ဖြစ်သည်။ထမင်းငတ်မတတ် ဆင်းရဲနွမ်းပါးသော မည်သူ့ကိုမဆို စားစရာ သောက်စရာ တစ်ခုခု မပေးမကမ်းဘဲ မနေပေ။သို့သော် သူကိုယ်တိုင်၏ စီးပွားရေး မှာမူ မည်သည့်အခါမှ အခြေအနေကောင်းသည်ဟူ၍ မရှိပေ။တစ်နေ့သောအခါ၌ သူ့ထံသို့ ငမွဲတစ်ယောက်ရောက်လာသောအခါ ယင်းငမွဲကို ပေးကမ်းဖို့ အိမ်တွင် ဘာတစ်ခုမှ မရှိသည် ကို တွေ့ရသည်။

သူ၏ဇနီးက တုကာရာမကို ပြောပြသည်။

"ဒီကနေ့ အိမ်မှာ စားစရာ ဘာမှမရှိဘူး။ယာထဲမှာ ကြံပင်တွေ ပေါက်နေ တယ်။ရှင်သွားပြီး ကြံချောင်းနည်းနည်း ခုတ်လာခဲ့ပါလား။ဒီကနေ့ ကျွန်မတို့ ကြံစုပ်ပြီး အဆာပြေနေကြမယ်"

တုကာရာမသည် ယာထဲက ကြံပင်နည်းနည်းခုတ်ယူပြီး အိမ်ပြန်လာ သည်။ရွာထဲဝင်လာသည်နှင့် ကလေးများ သူ့နောက်က လိုက်လာကြသည်။

တုကာရာမသည် ကလေးအားလုံးကို ကြံတစ်ချောင်းစီပေးလိုက်သည့် အတွက် သူ့ထံတွင် ကြံတစ်ချောင်းသာ ကျန်တော့သည်။တုကာရာမက သူ့ဇနီးကို အကျိုးအကြောင်းပြောပြသောအခါ ဇနီးဖြစ်သူက အကြီးအကျယ်ဒေါပွသွားပြီး တုကာရာမထံမှ ကြံချောင်းကို ဖျတ်ခနဲဆွဲယူလျက် ကြမ်းပြင်ကို ကြံချောင်းနှင့် ရိုက်လိုက်သောအခါ ကြံချောင်း ထက်ပိုင်းကျိုးသွားသည်။

တုကာရာမက ထက်ပိုင်းဖြစ်သွားသော ကြံချောင်းနှစ်ချောင်းကို ကောက်ယူလျက် အပြုံးမပျက်ဘဲ ဇနီးဖြစ်သူကို ပြောပြသည်။

"ကြည့်စမ်း၊ ဘုရားသခင်ကိုယ်တိုင်က ဒီကြံချောင်း နှစ်ပိုင်းဖြစ်သွား အောင် လုပ်ပေးတယ်။ငါတို့နှစ်ယောက် ကြံချောင်းတစ်ပိုင်းစီ တစ်ပိုင်းစီစားဖို့လည်း ဘုရားသခင်က လိုလားတယ်"

တုကာရာမ၏ ချစ်ခြင်းမေတ္တာ ကိုယ်ချင်းစာနာမှု အပြည့်အဝရှိသည်ကို တွေ့ရသောကြောင့် သူ၏ဇနီးသည်ပင် တအံ့တသြဖြစ်သွားရသည့်အခြေအနေ ရောက်ရှိသွားသည်။



* * *

ကိုလိုနီခေတ်က အင်္ဂလိပ် နာမည်ကျော် စာရေးဆရာကြီး အိတ်ချ်ဂျီဝဲသည် ရန်ကုန်မြို့သို့ ရောက်လာဖူးသည်။အိတ်ချ်ဂျီဝဲ ရောက်လာစဉ်က မြန်မာစာရေးဆရာများက အိတ်ချ်ဂျီဝဲကို တက္ကသိုလ်လေ့အသင်း၌ ဧည့်ခံကြသည်။ ထိုအချိန်က စာရေးဆရာမ ခင်မျိုးချစ်သည် မြန်မာလူမျိုးများအား ဗြိတိသျှအစိုးရက ဖိနှိပ်ပုံများကို ဓာတ်ပုံများပြလျက် ပြောပြလိုက်သည်။

တစ်နေ့သောအခါ အိတ်ချ်ဂျီဝဲကို လေးစားကြည်ညိုသော လူတချို့ အိတ်ချ်ဂျီဝဲအိမ် ရောက်လာကြသည်။အိတ်ချ်ဂျီဝဲ၏အိမ် ရောက်သွားသောအခါ "တိုင်းမရှင်း"နှင့် "ရှိတ်အော့ဖ် သဝေတူကမ်း" ကဲ့သို့သော သမိုင်းနောက်ခံ သိပ္ပံဝတ္ထုများကိုရေးသော နာမည်ကျော် စာရေးဆရာတစ်ယောက်က အိမ်ကြီးရခိုင်၏ ပိုင်ရှင်ဖြစ်စေကာမူ အိမ်၏တတိယထပ်၌ရှိသော အခန်းကျဉ်းကလေးထဲတွင် နေသည်ကို တွေ့ရ၍ အံ့ဩသွားပြီး အိတ်ချ်ဂျီဝဲအား "ဆရာကြီး အိမ်အောက်ထပ်က ခမ်းနားကျယ်ဝန်းတဲ့ အခန်းတွေမှာ မနေဘဲ ယခုလို အိမ်အပေါ်ထပ်က အခန်းကျဉ်းကလေးထဲမှာ ဘာကြောင့်နေရသလဲ"ဟု မေးမြန်းစုံစမ်းကြည့်ကြသည်။ ထိုအခါ အိတ်ချ်ဂျီဝဲက မေးမြန်းစုံစမ်းသူများကို ရိုးရိုးသားသား ပြန်လည်ပြောပြသည်။

"အောက်ထပ်များမှာ နေကြတဲ့လူတွေဟာ တစ်သက်လုံး ကျုပ်ကို လိုလေသေးမရှိအောင် ပြုစုလာခဲ့ကြသူများ ဖြစ်သည်။သူတို့ ကျေးဇူးကြောင့် ကျုပ် အေးအေးဆေးဆေး စာရေးနိုင်လာခဲ့တာ။သူတို့ရဲ့ ကျေးဇူးကို ပြန်ဆပ်တဲ့အနေနဲ့ ကျုပ် ဘာတစ်ခုမှ လုပ်မပေးနိုင်ဘူး။ကျုပ်က စဉ်းစားကြည့်တယ်။ကျုပ် စာရေးဖို့ အတွက်ကတော့ စားပွဲတစ်လုံးနဲ့ ကုလားထိုင်တစ်လုံးရှိရင် တော်ပြီ။အောက်ထပ်မှာ နေကြတဲ့ လူတွေကတော့ တခြားလုပ်ငန်းတွေ လုပ်စရာ အများကြီးရှိနေကြတယ်။ သူတို့မိသားစုများလည်း တိုးပွားများပြားလာကြတယ်။အဲဒါကြောင့် ခမ်းနားကျယ်ဝန်းတဲ့ အခန်းများထဲမှာ ကျုပ် မနေဘဲ သူတို့ကို နေရာပေးထားခြင်း ဖြစ်သည်။သူတို့လည်း ဝမ်းသာအားရဖြစ်နေကြတယ်။ကျုပ်အနေနဲ့လည်း သူတို့ အတွက် အကျိုးပြုလိုက်ရလို့ ဝမ်းသာအားရ ဖြစ်နေတယ်"

အိတ်ချ်ဂျီဝဲကိုလာတွေ့သူများက အိတ်ချ်ဂျီဝဲ၏ ထောက်ထားငဲ့ညှာ စာနာစိတ်ကို သိရသည့်အတွက် ချီးကျူးစကားပြောသွား ကြသည်။



* * *

အမေရိကန်နှင့် စစ်မက်ဖြစ်ပွားနေချိန်က ဂျပန် ဘုရင့်နန်းတော်သည် ဗုံးဒဏ်ကြောင့် ပျက်စီးသွားသည်။ထိုအချိန်က "အင်ပိရီယယ် ဟောက်စ်ဟိုးလ်ဒ်" အမည်ရှိ အဖွဲ့အစည်းတစ်ခုသည် ဘုရင့်မိသားစုများကို ဘေးမသီ ရန်မခအောင် ကာကွယ်စောင့်ရှောက်ဖို့အတွက် တာဝန်ရှိသော အဖွဲ့ဖြစ်သည်။ယင်းအဖွဲ့က ဘုရင့်မိသားစု၏ လုံခြုံရေးအတွက် စီမံကိန်းတစ်ရပ် ချမှတ်သည်။ယင်းစီမံကိန်းအရ မည်မျှကြီးမားသော ဗုံးမျိုးကျကျ ပျက်စီးမသွားနိုင်သည့် အလွန်ကြီးမားသော သံနှင့် ကွန်ကရစ် ခေတ်မီအဆောက်အအုံကြီးတစ်ခု ဆောက်လုပ်ရန်ဖြစ်သည်။ သို့သော်လည်း ယင်းကဲ့သို့သော အဆောက်အအုံကြီးကို ဆောက်လုပ်ရန်အတွက် ငွေကြေးမတန်တဆသုံးစွဲရဖို့ ရှိနေသည်။ထို့ကြောင့် ယင်းအဆိုပြုချက်ကို ဘုရင် ဟီရိုဟိတို၏ ရှေ့မှောက်တွင် တင်ပြကြသည်။ထိုအခါ ဂျပန်ဘုရင် ဟီရိုဟိတိုက ယင်းအဆိုပြုချက်ကို ပယ်ချသည်။

"ဗုံးဒဏ်ကြောင့် ပြည်သူပြည်သားများ၏ အိမ်များ ပျက်စီးဆုံးရှုံးသွားတယ်။ပြည်သူပြည်သားတွေနေဖို့ အိမ်မရှိဖြစ်နေတဲ့ အခြေအနေမျိုးမှာ ဘုရင့်မိသားစု အနေနဲ့ မိမိတို့လုံခြုံရေးအတွက် ဒါလောက်များပြားတဲ့ ငွေကြေးကို သုံးစွဲလို့ မဖြစ်ဘူး။ဘုရင်ဆိုတာ ပြည်သူပြည်သားတွေ အခြေအနေကောင်းမှ ဝမ်းသာအားရ နေလို့ရတယ်။ဘုရင်တစ်ဦးတည်း အနေနဲ့ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာနေလို့ ဘယ်မှာ အဓိပ္ပာယ်ရှိပါ့မလဲ" ဟု ဂျပန်ဘုရင်က အမိန့်ရှိလိုက်သည်။

မိမိတို့အပေါ်ထားသော ဂျပန်ဘုရင်၏ စေတနာကို ကြားသိ ရသောအခါ ဂျပန်ပြည်သူပြည်သားများသည် မည်ရွေ့မည်မျှ ဝမ်းသာအားရ ဖြစ်သွားသနည်း ဆိုလျှင် ပြည်သူများအပေါ်ထားသော ဂျပန်ဘုရင်၏ စေတနာသည် ယနေ့ ထက်တိုင် ပြောစမှတ်တစ်ခု ဖြစ်နေသည်။

* * *

# မီးပွားကလေးနှင့် သစ်ရွက်ခြောက်ပုံ

သစ်ရွက်ခြောက်များ စုပုံနေသော သစ်ရွက်ခြောက်ပုံကြီးက ဟိုဟိုသည်သည် လွင့်ပျံနေသော မီးပွားကလေးကို တွေ့မြင်ရသောအခါ မာန်မာနတစ်ခွဲသားဖြင့် ပြောသည်။

"ဟေ့ မီးပွားကလေး၊ ဘာဖြစ်လို့ ဒါလောက် ပျာယာခတ်နေရသလဲ။မင်း ငါ့ကို ရန်စနေတာနဲ့ တူတယ်။ငါ့ကို မင်း ထိပါးလို့ မရနိုင်ပါဘူး။ငါ့အင်အားကိုလည်း ကြည့်ပါဦး။မင်းအင်အားနဲ့ ငါ့အင်အားကို ကြည့်လိုက်ရင် ဆင်နဲ့ ပုရွက်ဆိတ်လောက် ကွာခြားနေတယ်။ငါ့အင်အားနဲ့ မင်းအပေါ် ဖိလိုက်မယ်ဆိုရင် မင်း အစအနရှာမရအောင် ပျောက်ကွယ်သွားလိမ့်မယ်"

မီးပွားကလေးသည် ထွေထွေထူးထူး ပြန်ပြောမနေဘဲ သစ်ရွက်ခြောက်ပုံကြီးနား ကပ်သွားသည်။သစ်ရွက်ခြောက်ပုံထဲ မီးပွားကလေး ကျသွားသောအခါ သစ်ရွက်ခြောက်ပုံ မီးလောင်သွားသည်။ ကြည့်ရင်းကြည့်ရင်းနှင့် မီးပုံကြီး တဖြည်းဖြည်း ကြီးမားလာသည်။ မြက်ခြောက်များ၊ သစ်ရွက်ခြောက်များ မီးလောင်ကျွမ်းပြီး ပြာဖြစ်သွားကြသည်။တစ်ခဏအတောအတွင်း၌ပင် မြက်ခြောက်နှင့်သစ်ရွက်ခြောက်ပုံကြီးသည် မီးလောင်ကျွမ်းပြီး ပြာဘဝ ရောက်သွားကြသည်။

ယင်းရှုခင်းကို ကြည့်ရှုနေသော ဆရာဂုရုတစ်ယောက်က သူ၏တပည့်များကို ပြောပြသည်။

"တပည့်တို့ . . မီးပွားကလေးဟာ မိမိရဲ့ စွမ်းရည်သတ္တိဖြင့် မြက်ခြောက်နဲ့ သစ်ရွက်ခြောက်အပုံကို ပြာကျသွားအောင် ပြုလုပ်နိုင်သလို ဝီရိယကြီးမားပြီး စွမ်းအားနဲ့ ပြည့်စုံသူတစ်ယောက်ဟာ ဉာဏ်ပညာ ခေါင်းပါးတဲ့ လူ ရာပေါင်းများစွာကို တိုက်ပွဲမှာ အနိုင်ရရှိအောင် တိုက်ခိုင်နိုင်တယ်"

* * *

လူတစ်ယောက်သည် အိမ်တွင်းရေးကိစ္စများကြောင့် စိတ်ပျက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေမည်ဟူ၍ အကြိမ်များစွာ ကြံစည်တွေးတော၏။ တစ်နေ့သောအခါ၌ ရသေ့သူတော်စင်တစ်ပါး၏ သခ်မ်းကျောင်းသို့သွားပြီး သူ၏ဒုက္ခကိုပြောလျက် အသက်သေရာသေကြောင်း ကြံစည်သည့် အကြောင်းကိုပါ ပြောပြ၏။

ထိုအချိန်၌ ရသေ့သူတော်စင်သည် အစားအသောက်စားရန်အတွက် ဖက်ရွက်ဖြန့်ခင်းနေသည်။ဖက်ရွက်ဖြန့်ခင်းနေသော သူတော်စင်ကို တွေ့ရသောအခါ ရသေ့သူတော်စင်ထံ သူ၏ပြဿနာတင်ပြဖို့လာသော သူသည် "ငါပြောသောစကားကို ရသေ့သူတော်စင် စိတ်ပါဝင်စားမှုမရှိ"ဟူ၍ ထင်မှတ်သွားသည်။ပြီး .. ရသေ့သူတော်စင်ကို မေးလိုက်သည်။

"သူတော်စင်ကြီး၊ ဒီဖက်ရွက်ကို ဂရုတစိုက် ဖြန့်ခင်းတဲ့ကိစ္စမှာ ဘယ်လောက် ကြိုးစားပမ်းစား လုပ်နေရတာလဲ။ယခုလောက် ဂရုတစိုက်လုပ်ပြီးနေရတဲ့ ဖက်ရွက်ဟာ တစ်ကြိမ်အစားအသောက်ထည့်စားပြီးတဲ့နောက် အမှိုက်ပုံထဲရောက်သွားမယ်မဟုတ်လား"

ပြဿနာရှင် ပြောကြားသော စကားကို ကြားရသော သူတော်စင်ကြီးက ပြုံးပြီးပြောပြသည်။

"မင်းပြောတာ မှန်ပါတယ်။ဒါပေမဲ့ ပစ္စည်းဝတ္ထုတစ်ခုကို အပြည့်အဝသုံးပြီးတဲ့နောက်မှာ အဲဒီပစ္စည်းကို လွှင့်ပစ်တာ မမှားပါဘူး။အဲဒီပစ္စည်းကို မသုံးသေးဘဲနဲ့ လွှင့်ပစ်လိုက်တာကတော့ မှန်တယ်လို့ ပြောလို့မရဘူး။မင်းဘပေပညာသင်ထားပြီး နားလည်မှုမရှိတဲ့ လူတစ်ယောက်ဖြစ်တယ်။ငါပြောတဲ့အဓိပ္ပာယ်ကို မင်း နားလည်ပါလိမ့်မယ်"

သူတော်စင်ကြီးပြောသောစကားကို ကြားရသောအခါ ပြဿနာရှင်သည် ဆက်လက်အသက်ရှင်နေရန်အတွက် အလိုဆန္ဒ ဖြစ်ပေါ်လာသည်သာမက ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရန်ဆိုသည့် အတွေးအခေါ်ကိုလည်း စွန့်ပယ်ပစ်လိုက်သည်။

* * *

ဆရာနှင့်တပည့် ခရီးသွားကြသည်။လမ်းခရီး၌ စကားစမြည်လည်း ပြောသွားကြသည်။တပည့်က ပြောပြသည်။

"ဆရာ ကျွန်ုပ် စာပေပညာနဲ့ တရားဘာဝနာပွားများတဲ့ အလုပ်မှာလည်း စိတ်မဝင်စားဘူး။တရားဓမ္မနဲ့ ပတ်သက်တဲ့ ရှိခိုးပူဇော်မှု ဂါထာများကိုလည်း ရွတ်ဖတ်သရဇ္ဈာယ်လို့ မရဘူး။အဲဒါတွေ ပြုလုပ်လို့ရနိုင်တဲ့ နည်းလမ်းကို ပြောပြစေချင်ပါတယ်"

ဆရာက တရားအမြင်ရှိထားသူဖြစ်၍ သူတစ်ပါး စိတ်အခြေအနေကိုသိအောင် ကြိုးစားနိုင်သူ ဖြစ်သည်။တပည့်၏အိတ်ထဲတွင် ငွေငါးရာ ရှိနေသည်။ယင်းငွေငါးရာဖြင့် တပည့်လုပ်သူသည် ဘာလုပ်မည် ညာလုပ်မည်ဟူ၍ စီမံကိန်းတစ်ခုခုလုပ်နေပြီး စိတ်ကူးယဉ်အိပ်မက် မက်နေသည်။တွယ်တာကပ်ငြိမှုကို မစွန့်ပယ်ဘဲနှင့် လမ်းကောင်းလမ်းမှန် လျှောက်သွားဖို့ ဖြစ်နိုင်လိမ့်မည် မဟုတ်ကြောင်းကိုလည်း ဆရာက နားလည်ထားသည်။

ခရီးမှတ်တိုင်တစ်တိုင် ရောက်လာသောအခါ တပည့်ဖြစ်သူက တပိုတပါးသွားသည်။သူ၏အိတ်ကို တစ်နေရာ၌ ထားပစ်ခဲ့သည်။ဆရာက တပည့်ဖြစ်သူ၏ အိတ်ထဲက ငွေများကို ထုတ်ယူပြီး ရေတွင်းတစ်တွင်းထဲ ပစ်ချလိုက်သည်။ရေတွင်းထဲ အရာဝတ္ထုတစ်ခုခု ကျသွားသံကို ကြားရသောအခါ တပည့်ဖြစ်သူက အလျင်အမြန် ပြေးလာပြီး "ဆရာ ရေတွင်းထဲ တစ်စုံတစ်ခု ကျသွားတဲ့အသံကို ကြားလိုက်ရတယ်။ ရေတွင်းထဲ ဘာပစ္စည်း ကျသွားသလဲ"ဟု မေးသည်။တပည့်လုပ်သူ၏ အမေးကို ကြားရသောအခါ ဆရာဖြစ်သူက ပြန်လည်ပြောပြသည်။

"မင်း စိတ်ကို မတည်မငြိမ်ဖြစ်အောင် ပြုလုပ်နေတဲ့ အရာဝတ္ထု ရေတွင်းထဲ ရောက်သွားပြီ။မင်း ယခု စိတ်ပူလွင့်ခြင်းမရှိဘဲ တည်တည်

ငြိမ်ငြိမ်ထားပြီး တရား ဘာဝနာကျင့်သုံးလို့ ရပြီ။မြင်းနှစ်ကောင်ကို ခွစီးနေတဲ့အတွက် မင်း စိတ်နှလုံး တည်ငြိမ်မှုမရဘဲ ယောက်ယက်ခတ်နေတာ။ယခုအချိန်ကစပြီး စိတ်တည်တည် ငြိမ်ငြိမ်နဲ့ တရားအလုပ်ကို မင်း လုပ်လို့ရပြီ”

ဆရာ ပြုလုပ်လိုက်သော အပြုအမူနှင့် ဆိုဆုံးမသောစကားကို ကြားရသည်ဖြစ်၍ တပည့်ဖြစ်သူ နားလည်သဘောပေါက်သွားပြီးလျှင် တရားဘာဝနာကို အနှောင့်အယှက် အဟန့်အတားမရှိဘဲ ပွားများကျင့်သုံးနေသည်။

* * *

တစ်ချိန်တုန်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ဘုရင့်သားတော် ဝဒ္ဓမာနသည် နန်းတော်၌ ထိုင်နေသည်။ ထိုအခါ ဘုရင့်သားတော်သည် "ငိုသံလိုလို ကြားရသည်"ဟုဆိုပြီး ငိုသံကြားရာသို့ လျင်မြန်စွာထပြီး နန်းတော်အတွင်း ကြည့်ရှုရန် ထွက်သွားသည်။ကျွန်,မတစ်ယောက် အိုးခွက်ပန်းကန်များကို ဆေးကြောရင်း မျက်ရည်နှင့်မျက်ခွက် ဖြစ်နေသည်ကို မြင်သွားသည်ဖြစ်၍ ကျွန်,မအား တငိုငို တရယ်ရယ် ဖြစ်နေရခြင်း၏အကြောင်းကို မေးမြန်းသောအခါ ဝမ်းဗိုက်အတွင်း၌ မခံမရပ်နိုင်လောက်အောင် နာကျင်နေပြီး ပန်းကန်ခွက်ယောက်များကို မဆေးဘဲ နေ၍မဖြစ်သည့်အတွက်ကြောင့် ဆေးနေရသည်ဆိုသည့်အကြောင်း ပြောပြလိုက်သည်။

ကျွန်,မ ဝေဒနာခံစားနေရသည့်အကြောင်း ပြောပြသည်ကို ကြားသိသွားသောအခါ ဝဒ္ဓမာနဘုရင့်သားတော်က ပြောလိုက်သည်။

"မင်း . . ပန်းကန်ခွက်ယောက် ဆေးကြောတဲ့အလုပ်ကို ဆက်မလုပ်နဲ့တော့။အေးအေးဆေးဆေး အနားယူပြီး နေပါ။မင်း ဆေးကြောရမယ့် ပန်းကန်ခွက်ယောက်တွေကို ငါ ဆေးကြောမယ်"

ဘုရင့်သားတော် ဝဒ္ဓမာန၏ ကြင်နာမှုအပြည့်ရှိသော စကားကို ကြားရသောအခါ ကျွန်,မသည် အံ့အားသင့်ပြီး ဘုရင့်သားတော်ကို စိုက်ကြည့်နေပြီး ဘုရင့်သားတော်အား "ဘုရားသခင်က အရှင့်သားတော်ကို အသက်ရာကျော်ရှည်အောင် ပြုလုပ်ပါစေ၊ လူသားများရဲ့ ကောင်းကျိုးအတွက် ဆက်လက်ဆောင်ရွက်ခွင့်ပေးပါစေ"ဟု ဆုတောင်းလိုက်သည်။

ယင်းဝဒ္ဓမာနသည် နောက်ပိုင်းတွင် မဟာဝီရ အမည်နာမဖြင့် ဂျိမ်းဘာသာတရား၏ ၂၄ ဦးမြောက် တိတ္ထိကရခေါ် ဘာသာတရားခေါင်းဆောင်ပုဂ္ဂိုလ်ကြီး ဖြစ်လာသည်။

* * *

ဂုရုတစ်ဦး၏ သင်္ခမ်းကျောင်း၌ တပည့်ငါးဦး ပညာသင်ကြားနေကြသည်။တပည့်ငါးဦးတို့သည် တစ်ဦးနှင့်တစ်ဦး "သူက ဆိုးသည် ငါက ကောင်းသည်၊ ငါက ဆိုးသည်၊ သူက ကောင်းသည်"ဟူ၍ စကားအချေအတင် ပြောနေကြသည်။တစ်နေ့သောအခါ၌ ဂုရုက သူ၏ တပည့်ငါးဦးကို ပြောပြသည်။

"ငါ့သင်္ခမ်းကျောင်းအတွက် အရိုက်အရာခံတစ်ဦးကို တပည့်ကြီးအဖြစ် ခန့်အပ်ဖို့ ရှိနေတယ်။မင်းတို့က ငါးယောက်ဖြစ်နေတယ်။ ဘယ်လိုလုပ် ရွေးချယ်ရမလဲ။စမ်းသပ်စစ်ဆေးကြည့်မယ်။ငါ့အစစ်အမေး ခံနိုင်ပြီး အောင်မြင်မှုရရှိတဲ့လူက ငါ့အရိုက်အရာခံ တပည့်ကြီးဖြစ်လာလိမ့်မယ်"

တပည့်များက သဘောတူကြောင်း ဝန်ခံကြသည်။ဆရာဂုရုက ပြုံးပြီး "ကမ္ဘာလောကမှာ ဘယ်ဟာ အချိုဆုံးလဲ မင်းတို့ ပြောရလိမ့်မယ်"ဟု ပြောပြသည်။

ပထမတပည့်က ကြံခင်းထဲသွားပြီး ကြံတစ်ချောင်း ချိုးယူလာလျက် "ဆရာကြီး အချိုဆုံးအရသာကတော့ ကြံမှာ ရှိပါတယ်"ဟု ပြောပြသည်။

ဒုတိယတပည့်က ထန်းလျက်ယူလာပြီး ဆရာဂုရုအား "ဆရာကြီး၊ ထန်းလျက်အရသာ အချိုဆုံးဖြစ်ပါတယ်"ဟု ပြောပြသည်။

တတိယတပည့်က ပျားရည်မှာ အချိုဆုံးအရသာတွေ့ရသည်ဟူ၍ ယူဆလျက် "ပျားရည်က အချိုဆုံးဖြစ်ပါတယ်"ဟူ၍ ဆရာဂုရုကို ပြောပြသည်။

စတုတ္ထတပည့်က သကြားခဲကို ယူလာပြီး "သကြားခဲက အချိုဆုံးဖြစ်ပါတယ်"ဟု ပြောပြသည်။

ပဉ္စမတပည့်ကမူ သကာခဲကို ယူလာပြီး ဆရာဂုရုအား "သကာခဲက အချိုဆုံးဖြစ်ပါတယ်"ဟု ပြောပြသည်။

ဆရာဂုရုသည် တပည့်ငါးဦးပြောပြသော အချိုဆုံး အရာဝတ္ထုများနှင့် ပတ်သက်ပြီး ကျေနပ်အားရခြင်း မရှိသောကြောင့် ဤသို့ပြောပြသည်။

"ကြံ၊ ထန်းလျက်၊ ပျားရည်၊ သကြား၊ သကာမှာ ချိုတဲ့အရာ ရှိပါတယ်။ဒါပေမဲ့ အဲဒီအရသာတွေဟာ တစ်ခုစီတစ်ခုစီ သူ့ထူးခြားချက်နဲ့ သူ ရှိနေတယ်။ငါတို့ရဲ့လျှာပေါ်လည်း ချိုတဲ့အရာသာ ပေးကြတာ မှန်ပါတယ်။ဒါပေမဲ့ အကြီးကျယ်ဆုံး ချိုတဲ့အရာသာကတော့ စကားလုံး ချိုချိုသာသာပြောခြင်း ဖြစ်တယ်။စကားလုံး ချိုချိုသာသာပြောတဲ့သူတွေကို လောကမှာ လူတွေ ချစ်ခင်လေးစားကြတယ်"

* * *

# စာဏကျ၏ ဦးနှောက်

ဘုရင်အသောကရ၏ဘိုးတော် စန္ဒဂုတ္တတွင် ပညာဉာဏ် ကြီးမား ထက်မြက်သော စာဏကျအမည်ရှိ အမတ်ကြီးရှိသည်။စာဏကျသည် အမတ်ချုပ်ကြီးဖြစ်သော်လည်း သူတော်စင်ကြီး တစ်ယောက်ကဲ့သို့ တောထဲမှာ တဲတစ်လုံးဆောက်ပြီး နေသည်။ဧည့်သည်များစွာတို့သည် ပြဿနာမျိုးစုံ ဆောင်ကြဉ်းပြီး စာဏကျအမတ်ကြီးထံ လာရောက်ကြသည်။တစ်နေ့သောအခါ၌ မြို့သူမြို့သားများ၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စာဏကျအမတ်ကြီးထံ လာရောက်တွေ့ဆုံကြသည်။

အမတ်ကြီးထံ လာရောက်တွေ့ဆုံကြသူများသည် စာဏကျ၏ တဲအထိ ဖိနပ်မပါဘဲ လာရောက်ကြရသောကြောင့် လမ်းတွင် အုတ်ခဲ ကျောက်ခဲများပေါ် နင်းပြီး လာရသည့်အပြင် ဆူးကလည်း စူးလိုက်သေးသည်။ထို့ကြောင့် ခြေထောက် သွေးအလိမ်းလိမ်း ဖြစ်နေကြသည်။ဧည့်သည်တစ်ယောက်က သူ၏ခြေထောက်ကို ဘာဏကျ အမတ်ကြီးအား ပြပြီး ပြောလိုက်သည်။"ကြည့်စမ်းပါ အမတ်ကြီး၊ အမတ်ကြီးနဲ့ တွေ့ရအောင်လာတာ ကျုပ်တို့ ဘယ်လောက် ဒုက္ခခံကြရသလဲ။ အမတ်ကြီးဆီရောက်အောင် လာရတဲ့လမ်းကို သားရေနဲ့ ဖုံးအုပ်ထားဖို့ အစီအစဉ် မပြုနိုင်ဘူးလား"

စာဏကျအမတ်ကြီးက ထိုပုဂ္ဂိုလ်ပြောသော စကားကို နားထောင်လျက် ပြုံးပြီးပြောလိုက်သည်။

"ဒီမြေပြင်ကို သားရေနဲ့ဖုံးအုပ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး။ အဲဒီလို လုပ်ဖို့အတွက် ဘုရင်မင်းကြီးအနေနဲ့ ငွေကြေးအမြောက်အမြား သုံးစွဲရလိမ့်မယ်။နည်းလမ်းတစ်ခု ရှိတယ်။မိတ်ဆွေတို့ တစ်ယောက်စီ တစ်ယောက်စီ သားရေဖိနပ် ချုပ်ဝတ်လို့ ရတယ်မဟုတ်လား။အဲဒီလိုလုပ်ရင် ပိုက်ဆံလည်း အကုန်သက်သာမယ်။ခြေထောက်ကလည်း သွေးထွက်လာတော့မှာ မဟုတ်ဘူး"

စာဏကျအမတ်ကြီး၏ စကားကို ကြားရသောအခါ စာဏကျအမတ်ကြီးကို အတွန့်တက်သော ဧည့်သည်သည် ဘာတစ်ခုမှ ဆက်မပြောနိုင်တော့ပေ။

* * *

# ကြီးကျယ်အောင် ဘယ်လိုလုပ်မလဲ

အိန္ဒိယနိုင်ငံ၌ ထင်ပေါ်ကျော်ကြားသော ဆွာမိများထဲတွင် ရာမတိရထအမည်ရှိ ရသေ့သူတော်စင်ကြီးတစ်ပါး ရှိသည်။လာဟိုမြို့ရှိ ကောလိပ်ကျောင်းတစ်ကျောင်း၌ ရာမတိရထ ကထိကအဖြစ် ဆောင်ရွက်နေစဉ်က ဖြစ်ပျက်သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

ရာမတိရထသည် ကျောင်းသားများကို နေ့စဉ်နေ့တိုင်း ဆုံးမဩဝါဒပေးသည်။တစ်နေ့သောအခါ၌ ရာမတိရထသည် ကျောက်သင်ပုန်းပေါ်တွင် မျဉ်းကြောင်းတစ်ခုဆွဲပြီး တပည့်ကျောင်းသားများအား "မင်းတို့အထဲက ဒီမျဉ်းကြောင်းကို သေးအောင် ဘယ်သူပြုလုပ်နိုင်သလဲ" ဟု မေးလိုက်သည်။ကျောင်းသားတစ်ယောက်က ထလာပြီး မျဉ်းကြောင်းကို ဖျက်မည်လုပ်သည်။ရာမတိရထက ကျောင်းသားကို ဟန့်တားပြီး "မျဉ်းကြောင်းကိုဖျက်ပြီး သေးငယ်သွားအောင် မပြုလုပ်ရဘူး။မဖျက်ဘဲနဲ့ သေးငယ်သွားအောင် လုပ်ပြရမယ်"ဟု ပြောသည်။

ကျောင်းသားများသည် အစွမ်းကုန် စဉ်းစားကြည့်ကြသည်။ သို့သော်လည်း ရာမတိရထပြောသော ပဟေဠိကို နားမလည်ကြပေ။

ဆွာမိဂျီက ယင်းမျဉ်းကြောင်းအနီးတွင် ယင်းမျဉ်းကြောင်းထက်ကြီးသည့် မျဉ်းကြောင်းတစ်ခုကို ဆွဲပြပြီး

"ကြည့်ကြစမ်း၊ ပထမဆွဲထားတဲ့ မျဉ်းကြောင်းဟာ ဖျက်မပစ်ဘဲနဲ့ သေးမသွားဘူးလား"ဟု ပြောပြီးလျှင် ကျောင်းသားများကို ဆက်ပြီး ပြောပြသည်။

"အရာဝတ္ထုတစ်ခုခုကို ပယ်ဖျက်ပြီးမှ ကြီးကျယ်အောင်လုပ်ဖို့ မကြိုးစားပါနဲ့။ဘယ်အရာဝတ္ထုကိုမဆို သူ့နဂိုအတိုင်းထားပြီးမှ ကြီးကျယ်လာအောင် လုပ်ရတယ်။အဲဒီလိုလုပ်တာမှ အမှန်တကယ် ကြီးကျယ်အောင် လုပ်တာဖြစ်တယ်"

* * *

လူတစ်ယောက်က သူတော်စင်တစ်ယောက်ကို "သူတော်စင်ကြီး ယခုလို စိတ်တည်ငြိမ်အေးချမ်းစွာဖြင့် ဘယ်လိုလုပ်ပြီး နေပါသလဲ" ဟု မေးသောအခါ သူတော်စင်ကြီးက ပြန်ဖြေသည်။

"ကျုပ် အပေါ်ကို ကြည့်လိုက်တဲ့အခါ ကျုပ်အနေနဲ့ အပေါ်ဘက် သွားရမှာဖြစ်တဲ့အတွက် တစ်စုံတစ်ယောက်နဲ့ပတ်သက်ပြီး မကောင်းတဲ့ အပြုအမူမျိုး ဘာကြောင့် ပြုလုပ်ရမှာလဲ။အောက်ဘက် ကြည့်လိုက်ပြန်တော့လည်း ကျုပ်အတွက် ထိုင်ဖို့ ရပ်ဖို့ မြေအနည်းငယ်လောက်သာ လိုတဲ့အတွက် ကျုပ်အနေနဲ့ ဥစ္စာပစ္စည်း ဘာကြောင့် စုဆောင်းရမှာလဲ။ပတ်ဝန်းကျင် ဘေးဘီကို ကြည့်လိုက်တဲ့အခါကျတော့လည်း မိမိထက် အခြေအနေနိမ့်ကျတဲ့ လူပေါင်း ထောင်ပေါင်းများစွာကို တွေ့မြင်နေရတယ်။အဲဒီလိုအခြေအနေမှာ ငါ ဘာ့ကြောင့် စိတ်မကောင်းဖြစ်နေရမှာလဲလို့ စဉ်းစားကြည့်တယ်။အဲဒါကြောင့် ကျုပ် အေးအေးချမ်းချမ်း စိတ်ချလက်ချနေလို့ရခြင်း ဖြစ်တယ်"

* * *

ဆွာမိ ဝိဝေကာနန္ဒ အမေရိကန်၌ သူ၏ နာမည်ကျော် ဟောကြားချက် ပြောဆို ဟောကြားပြီးနောက် အမိနိုင်ငံ အိန္ဒိယသို့ပြန်ရောက်လာချိန်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခုဖြစ်သည်။အိန္ဒိယတစ်နိုင်ငံလုံး၌ ဝိဝေကာနန္ဒ၏ ဟောကြားချက်နှင့် ပတ်သက်ပြီး သူသူငါငါ ချီးကျူးစကား ပြောနေကြသည်။ တစ်နေ့ ဆွာမိဂျီ၏ သင်္ခမ်းကျောင်းသို့ လူငယ်တစ်ယောက် ရောက်ရှိလာပြီး ဆွာမိဂျီနှင့် စကားစမြည်ပြောဆိုရင်း "စကားလုံးများဟာ အသုံးလည်း မဝင်ဘူး၊ အကျိုးလည်း မရှိဘူး"ဟု သူ့အယူအဆကို ပြော ပြသည်။

ဝိဝေကာနန္ဒက လူငယ်ပြောသောစကားကို နားစိုက်ထောင်နေပြီး ရုတ်တရက် မျက်နှာတွင် ဒေါသအရိပ်အရောင် လွှမ်းလာလျက် "မင်း လူညံ့ တစ်ယောက်ပဲ၊ ဘာမှ နားမလည်ဘူး"ဟု ပြောလိုက်သည်။ဆွာမိဂျီ၏စကားကို ကြားရသောအခါ လူငယ်ကလည်း အားကျမခံ ပြန်ပြောသည်။

"ဆွာမိဂျီဟာ သူတော်စင် ရသေ့တပသီတစ်ပါးဖြစ်တဲ့အတွက် အားလုံး နဲ့ သိမ်သိမ်မွေ့မွေ့၊ ယဉ်ယဉ်ကျေးကျေး စကားပြောဆိုတယ်လို့ ကြားရဖူးတယ်။ ယခု ကိုယ်တွေ့သိရတာကတော့ ဆွာမိဂျီရဲ့နှုတ်မှ ယဉ်ယဉ်ကျေးကျေး သိမ်သိမ် မွေ့မွေ့ စကားထွက်မလာဘဲ ကြမ်းကြမ်းတမ်းတမ်း စကားလုံးများသာ ထွက်လာ ပါလား"

လူငယ်ပြောသော စကားကို ကြားရသောအခါ ဆွာမိ ဝိဝေကာနန္ဒက မျက်နှာချိုချိုသာသာနှင့် ပြန်ပြောသည်။

"ငါပြောတာ အထင်မလွဲပါနဲ့၊ ငါက မင်းကို စကားလုံးများ ဘယ်လောက်အရေးကြီးတယ်ဆိုတာ ပြချင်တဲ့အတွက် ယခုလို ပြောပြတာ ဖြစ်တယ်။ငါတို့ပြောတဲ့ စကားများဟာ စကားလုံးများနဲ့ ပြုလုပ်ဖန်တီးထားတာ ဖြစ်တယ်။စကားလုံးများသာ ပြောတဲ့စကား ဖြစ်တယ်။ချိုချို သာသာပြောရမယ့် စကားအတွက် ချိုချိုသာသာစကားလုံးများ လိုအပ်တယ်"

* * *

ဆုဖီ သူတော်စင်တစ်ပါး ရှိသည်။သူ၏ ကိုယ်ချင်းစာနာကြင်နာထောက်ထားမှုနှင့် လူသားဆန်မှုသည် အရပ်ထက်ဝန်းကျင်တွင် ထင်ရှားကျော်ကြားနေသည်။သူ၏ဘဝ၌ ဘာပစ္စည်းမဆို လိုလေသေးမရှိအောင် အဆင်ပြေနေသည်။သူ၏ဖခင်ထံမှ အမွေပစ္စည်း အတိုင်းအဆမရှိ ရရှိထားသူလည်း ဖြစ်သည်။နွေရာသီ အချိန်ကာလများ၌ သူ၏အခိုင်းအစေသည် သူ့ကို ယပ်တောင်ခတ်ပေးလေ့ရှိသည်။

တစ်နေ့သောအခါ၌ သူ အိပ်ပျော်နေစဉ် သူ့ကို ယပ်တောင်ခတ်ပေးရင်း သူ၏ အခိုင်းအစေသည် အိပ်ပျော်သွားသည်။ဆုဖီ သူတော်စင်ကြီး နိုးလာသောအခါ သူ့ကို ယပ်ခတ်ပေးနေသော အစေခံ အိပ်ပျော်နေသည်ကို တွေ့ရသောကြောင့် အိပ်ပျော်နေသော သူ၏အစေခံကို ဆုဖီ သူတော်စင်ကြီးက ယပ်ခတ်ပေးသည်။

အချိန်အတန်ငယ် ကြာသွားပြီးနောက် အိပ်ပျော်နေသော အခိုင်းအစေနိုးလာသောအခါ မိမိအား ယပ်ခတ်ပေးနေသော ဆုဖီ သူတော်စင်ကြီးကို တွေ့ရသည့်အတွက် အကြီးအကျယ် အားတုံ့အားနာဖြစ်သွားပြီး သူ့ကို ခွင့်လွှတ်ဖို့ တောင်းပန်သည်။ထိုအခါ ဆုဖီ သူတော်စင်ကြီးက ပြောပြသည်။

"ခွင့်လွှတ်ဖို့ တောင်းပန်နေစရာ မလိုပါဘူး။အိပ်ပျော်နေတဲ့လူကို ယပ်ခတ်ပေးရမယ် မဟုတ်လား။မင်း အိပ်ပျော်နေပြီး ငါက နိုးနေတဲ့အခါ ငါက မင်းကို ယပ်ခတ်ပေးရမယ်။ဒါလောက် ပူပြင်းနေတဲ့ ရာသီဥတုမှာ အိပ်ပျော်နေသူတစ်ယောက်ကို နိုးနေတဲ့လူက ယပ်ခတ်ပေးဖို့ဆိုတာ တာဝန်တစ်ရပ်ဖြစ်တဲ့အတွက် ငါ့အနေနဲ့ အဲဒီတာဝန်ကို ဆောင်ရွက်လိုက်ခြင်းသာ ဖြစ်တယ်"

* * *

ဂျပန်ဘုန်းတော်ကြီး ရင်းဇိုက်၏ထံသို့ လူငယ်တစ်ယောက် မပြေမလည်ဖြစ်နေသော ပြဿနာတစ်ခု ဆောင်ကြဉ်းပြီး ရောက်လာသည်။လူငယ်က ဂျပန်ဘုန်းတော်ကြီး ရင်းဇိုက်ကို လျှောက်ထားလိုက်သည်။

“ကျွန်ုပ်၏ ဆရာဂုရုက ကျွန်ုပ်ကို မိမိရဲ့စိတ်ကို တွေ့ရှိအောင် လုပ်ရမယ်လို့ ပြောတယ်။ဆရာဂုရုပြောတဲ့အတိုင်း ကျွန်ုပ်စိတ်ကို တွေ့အောင်ရှာပေမယ့် မတွေ့ဘူး။ကျွန်ုပ် ဘယ်လိုလုပ်ရမလဲ”

ဘုန်းတော်ကြီး ရင်းဇိုက်သည် ထိုအချိန်၌ မီးသေသွားပြီ ဖြစ်သော မီးဖိုတစ်ခု၏အနီးတွင် ထိုင်နေသည်။လူငယ်ကို သူ့အနီးသို့ ခေါ်လျက် ဘုန်းတော်ကြီးက ပြောသည်။

“မင်း မေးတဲ့မေးခွန်းကို ငါ ပြန်ဖြေမယ်။ဒါပေမဲ့ မင်းမေးခွန်းကို ငါ မဖြေခင် ဒီမီးဖိုမှာ မီးကျန်သေးလား၊ မကျန်တော့ဘူးလားဆိုတာ မင်း ကြည့်ရမယ်”

လူငယ်က အနီး၌ရှိသော တုတ်ချောင်းတစ်ချောင်းကို ယူလျက် မီးမွှေးထားသော မီးဖိုကို တုတ်နဲ့ထိုးပြီး မွှေကြည့်သည်။ ထို့နောက် ဘုန်းတော်ကြီးကို “ပြာတွေပူနေတုန်းဖြစ်ပေမယ့် မီးဖိုမှာ မီးမရှိတော့ဘူး”ဟု ပြောပြလိုက်သည်။လူငယ်၏ အဖြေစကားကို ကြားရသောအခါ ဘုန်းတော်ကြီးကိုယ်တိုင် တုတ်တစ်ချောင်းနှင့် မီးဖိုထဲက ပြာကို ထိုးလျက် မွှေကြည့်သော အခါ ပြာဖုံးနေသော မီးခဲတစ်ခဲကို တွေ့ရသည်။ယင်းမီးခဲကို လူငယ်အား ပြပြီးလျှင် ပြောပြသည်။

“ကြည့် . . မီးဖိုထဲမှာ မီးရှိနေတယ်။မင်း အလျင်စလိုဖြစ်နေတဲ့ အတွက် မီးကို မတွေ့ရတာ။မင်း ကိုယ့်စိတ်ကို ရှာတဲ့အလုပ်မှာလည်း ပျာယာခတ်နေတဲ့အတွက် မတွေ့ရတာ ဖြစ်တယ်။အတွင်းဘက်သွားပြီး အလျင်အမြန် အပြင်ဘက် ပြန်ထွက်လာတယ်။မင်း အတွင်းသန္တာန်ထဲမှာ ဘဝများစွာက ပြာတွေ တင်နေတယ်။သေသေချာချာကြည့်မှ မင်း ကိုယ့်စိတ်ကို တွေ့ရပါလိမ့်မယ်”

* * *

နာမည်ကျော် ဆုဗီသူတော်စင် ရာဗီယာသည် သူတော်ချင်းချင်း သတင်းလွှဲ့လွှဲ့ ပေါင်းဖက်တွေ့သဘောနှင့် တခြားသူတော်စင်များနှင့် မကြာခဏတွေ့ဆုံပြီး စကားလက်ဆုံကျလေ့ ရှိသည်။တစ်နေ့သ၌ သူတော်စင် ဟာဆန်သည် သူတော်စင် ရာဗီယာထံ ရောက်လာပြီး "ကျုပ်တို့နှစ်ယောက် ရေကန်ကြီးထဲက ရေပြင်ပေါ်မှာထိုင်ပြီး တရားစကား ဆွေးနွေးကြရအောင်" ဟု အဖော်ညှိသည်။ဟာဆန်သည် ရေပေါ်လျှောက်သွားနိုင်သော တန်ခိုးဣဒ္ဓိပါဒ် ရရှိထားသူ ဖြစ်သည်။

သူ ရရှိထားသော ရေပေါ်လျှောက်သွားနိုင်သည့် တန်ခိုးဣဒ္ဓိပါဒ် ပြလို၍ ဟာဆန် လာကြွားခြင်းဖြစ်သည်ဟု သိရှိနားလည်သွားသည်ဖြစ်၍ ရာဗီယာက နှိမ့်ချသောအသံဖြင့် "ကျုပ်တို့နှစ်ယောက် လေထဲပျံသွားပြီး တရားစကားပြောကြရင် မကောင်းဘူးလား"ဟု ပြန်ပြောလိုက်သည်။ရာဗီယာသည် ရေပေါ်လျှောက်သွားနိုင်သော တန်ခိုးဣဒ္ဓိပါဒ် ရထားရုံမျှမက လေထဲတွင် ပျံသန်းသွားလာနိုင်သည့် တန်ခိုးဣဒ္ဓိပါဒ်ကိုလည်း ရရှိထားသူဖြစ်သည်။ရာဗီယာပြောစကားကို ကြားရသောအခါ ဟာဆန် မျက်လုံးပြူးသွားသည်။ထိုအခါ ရာဗီယာက လေးနက်သော စကားကို ဆိုသည်။

"ဟာဆန်လုပ်နိုင်တဲ့အလုပ်ကို ကျုပ်လည်း လုပ်နိုင်တယ်။ကျုပ် လုပ်နိုင်တဲ့ အလုပ်ကိုလည်း ယင်ကလေးတစ်ကောင်ကတောင် လုပ်နိုင်တယ်။ တရားဓမ္မဆိုတာ တန်ခိုးဣဒ္ဓိပါဒ်တွေရဲ့အထက်မှာ ရှိနေတယ်။တရားဓမ္မကို သိမြင်အောင် အပေါ်စီးကနေပြီး လုပ်လို့မရဘူး။မိမိကိုယ့်ကိုယ်ကိုယ်နှိမ့်ချပြီး တရားဓမ္မကို ရှာမှီးရတယ်။တရားဓမ္မ ရှာမှီးတဲ့နေရာမှာ မာန်မာနတို့ ပကာသနတို့ကို ရှေ့တန်းမတင်ရဘူး"

ရာဗီယာ၏စကားကို ကြားရသော ဟာဆန်သည် တရားဓမ္မနှင့် မာန်မာန သို့မဟုတ် ပကာသန မည်သို့မည်ပုံ ဆန့်ကျင်ဘက်ဖြစ်သည်ဆိုသည်ကို နားလည်သဘောပေါက်သွားသည်။နောက်ပိုင်းတွင်လည်း သူရရှိထားသော တန်ခိုးဣဒ္ဓိပါဒ်ကို အများသိအောင် ပြခြင်းမျိုး မလုပ်တော့ပေ။

* * *

လူတစ်ယောက်သည် ထူးခြားဆန်းကြယ်သော ပြစ်တင်ဝေဖန်ချက်ကို ဆောင်ကြဉ်းပြီးလျှင် သူတော်စင်ကြီးတစ်ယောက်ထံ ရောက်ရှိလာသည်။ထိုပုဂ္ဂိုလ်က "ကျွန်ုပ် အားလုံးအပေါ်မှာ မေတ္တာထားပါတယ်။ဒါပေမဲ့ လူတွေက ကျွန်ုပ်ကို စကားတောင် ပြန်မပြောကြဘူး။ကျွန်ုပ်ကို အရေးတယူလည်း မလုပ်ကြဘူး။ ဘာကြောင့်လဲ မသိဘူး"ဟု မေးမြန်းသည်။

သူတော်စင်ကြီးက အတန်ငယ်စဉ်းစားပြီး ထိုပုဂ္ဂိုလ်ကို ပြောပြသည်။

"ဥယျာဉ်ထဲရောက်သွားရင် ကျွန်ုပ်တို့ရဲ့အာရုံဟာ ပွင့်နေတဲ့ ပန်းများဆီ ရောက်သွားတယ်။ဓာတ်ပုံရိုက်သူများဟာ အမြဲမပြတ်ပြုံးနေတဲ့ မျက်နှာရှိသူများရဲ့ပုံကိုပဲ ရိုက်ယူကြတယ်။လောကမှာ ပြုံးရွှင်နေတဲ့လူများကိုပဲ နှစ်သက်ကြတယ်။ မျက်မှောင်ကုပ်ပြီး မျက်နှာထားတင်းမာနေတဲ့လူနဲ့ မျက်နှာအမူအရာ မရွှင်မပျ ဖြစ်နေတဲ့လူတွေကို ဘယ်သူမှ မချဉ်းကပ်လိုကြဘူး။မိမိတို့က ပြုံးရယ်နေရင် ကမ္ဘာလောကကလည်း မိမိတို့နဲ့အတူ ပြုံးရယ်နေလိမ့်မယ်။မိမိတို့က ငိုနေရင်တော့ မိမိတို့နဲ့အတူ ဘယ်သူကမှ လိုက်ငိုမှာ မဟုတ်ဘူး။မိတ်ဆွေအနေနဲ့လည်း ပြုံးပြုံးရွှင်ရွှင်နေတတ်အောင် ကြိုးစားပါ။မိမိရဲ့မျက်နှာ ပြုံးပြုံးရွှင်ရွှင်ဖြစ်နေရင် တခြားသူများက မိမိကို မိတ်လာမဖွဲ့ဘဲ နေမှာမဟုတ်ဘူး"

မိမိက မေတ္တာထားသည်ဟု ထင်သော်လည်း မိမိကို တုံ့ပြန်မှု မပြုကြဘူးဟူသော ပြစ်တင်ဝေဖန်ချက်ကို ဆောင်ကြဉ်းလာသူသည် မိမိအပေါ် အများ၏ မေတ္တာတုံ့ပြန်မှု၏ လျှို့ဝှက်များကို သိရှိနားလည် သွားသည်ဖြစ်၍ သူတော်စင်ကြီး အမိန့်ရှိသည့်အတိုင်း မိမိအပေါ် မေတ္တာတုံ့ပြန်မှု ပြုလုပ်ခြင်း၏ လျှို့ဝှက်ချက်ကို ကျင့်ကြံပြုလုပ်သောအခါ မိမိအပေါ် အပြုံးနှင့် မေတ္တာ တုံ့ပြန်မှုပြုလာကြသည်ကို ဝမ်းမြောက် ဝမ်းသာ တွေ့မြင် သိရှိသွားသည်။

* * *

ကြိုးဒဏ်အပေးခံရမည့်နေ့ရက် ရောက်လာသည်။နာရီပိုင်း အတော အတွင်း၌ပင် ကြိုးဒဏ်အပေးခံရတော့မည်။သို့ရာတွင် ကြိုးဒဏ်ခံရမည်ဖြစ်သော တရားခံသည် ကြိုးတိုက်ထဲတွင် နေ့စဉ်လုပ်နေကျ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေသည်ကို တွေ့ရသည်။ကြိုးဒဏ်ခံရမည်ဖြစ်သော အကျဉ်းသား ယင်းကဲ့သို့ နေ့စဉ်လုပ်နေကျအတိုင်း ကျန်းမာရေး လေ့ကျင့်ခန်း လုပ်နေသည်ကို တွေ့ရသော အခါ ထောင်မှူးက တအံ့တဩဖြစ်သွားပြီး မေးလိုက်သည်။

"အခု မကြာခင် မိတ်ဆွေ ကြိုးပေးတာ ခံရတော့မှာ မဟုတ်လား။ ယခုလိုအချိန်မှာတောင် ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေရသလား"

ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေသော ကြိုးဒဏ်ခံရတော့မည့် အကျဉ်းသားက ပြန်ပြောသည်။

"ကြိုးဒဏ်ခံရမယ့်အချိန် ရောက်လာလာ မလာလာ ကျွန်ုပ် နေ့စဉ် လုပ်နေကျ အလုပ်ကိုတော့ ဘယ်တော့မှ ရပ်မပစ်ဘူး။သေခြင်းတရားဆိုတာလည်း တစ်နေ့ ရောက်မလာဘဲ မနေဘူး။သေခြင်းတရား ရောက်လာတော့မှာဖြစ်တဲ့ အတွက် ကိုယ်လုပ်နေကျအလုပ်ကို မလုပ်ဘဲ ရပ်ပစ်လိုက်တယ်ဆိုတာ လူတွေ အတွက် သဘာဝတရားက ပိုင်းခြားသတ်မှတ်ထားတဲ့ စည်းကမ်းဥပဒေကို ဖောက်ဖျက်ရာ ရောက်တယ်"

ကြိုးပေးခံရတော့မည်ဖြစ်သော တရားခံသည် ကျန်းမာရေး လေ့ကျင့်ခန်း ကို လုပ်မြဲဆက်လုပ်နေသည်။ယင်းတရားခံသည် နေ့စဉ်နေ့တိုင်း သတ်မှတ်ထား သော စည်းကမ်းချက်အရ ရေချိုးခြင်း၊ ထမင်းစားခြင်း၊ ဘုရားဝတ်ပြုခြင်း စသော နေ့စဉ်လုပ်နေကျ အလုပ်အားလုံးကို ကြိုးဒဏ်ခံရမည့်အချိန်အထိ လုပ်နေသည်။ သေခြင်းတရားသည်လည်း လူ့ဘဝ၏ မလွဲမသွေကြုံရမည့် ဖြစ်ရိုးဖြစ်စဉ်တစ်ခု ဖြစ်သည်ဟူ၍သာ အောက်မေ့လျက် သေခြင်းတရားကို ရင်ဆိုင်ရန် အသင့်ပြင်ဆင် ထားသည်။

* * *

# စာဏကျနှင့် ဖာဟီယန်

စာဏကျသည် မဂဓနိုင်ငံတော်၏ အမတ်ချုပ်ကြီး ဖြစ်သည်။ အမတ်ချုပ်ကြီးသည် နိုင်ငံရေးသုခမိန်တစ်ဦးဖြစ်သည့်အပြင် ပြည်သူပြည်သားများနှင့် ဆက်ဆံသည့်နေရာ၌လည်း အလွန်တရာ ကျွမ်းကျင်လိမ္မာသည်။တရုတ်ခရီးသည် ဖာဟီယန် မဂဓနိုင်ငံရောက်လာသောအခါ စာဏကျအမတ်ချုပ်ကြီးနှင့် တွေ့ဆုံသည်။စာဏကျ၏ အိမ်ဂေဟာသို့ စိနရဋ္ဌမှ ခရီးသည်တစ်ယောက် ရောက်လာသောအခါ ခရီးသည်ကို တွေ့မြင်ရသည်ဖြစ်၍ စာဏကျသည် ထွန်းထားသော ဆီမီးခွက်တစ်ခုကို ငြိမ်းသတ်ပြီးလျှင် အခြားဆီမီးခွက်တစ်ခုကို ထွန်းညှိသည်။စာဏကျ၏ အပြုအမူကို တွေ့မြင်ရသောအခါ ခရီးသည်သည် နားမလည်နိုင်အောင် ဖြစ်သွား၍ စာဏကျကို မေးလိုက်သည်။

"အမတ်ကြီး ဆီမီးထွန်းထားတဲ့ ဆီမီးခွက်ကို ငြိမ်းသတ်ပြီး တခြားဆီမီးခွက်တစ်ခု ထွန်းလိုက်တာ တွေ့ရတယ်။ဘယ်လိုအဓိပ္ပာယ်နှင့် အဲဒီလိုလုပ်တာလဲ။ပထမ ဆီမီးခွက်ကိုပဲ ထွန်းမြဲအတိုင်း ထွန်းထားရင် ဘယ်လို အကျိုးဆုတ်ယုတ်မှု ရှိသွားမှာလဲ။အမတ်ကြီး ဆီမီးခွက်အဟောင်းကို ငြိမ်းသတ်ပြီး ဆီမီးခွက်အသစ်ထွန်းတာ ဘယ်လိုလျှို့ဝှက်ချက်လဲ"

စာဏကျက ပြုံးပြီး ပြန်ပြောသည်။

"ကျုပ် ကိုယ့်အလုပ်နှင့် နိုင်ငံအလုပ်ကို တသီးတခြားစီ လုပ်တယ်"

ဆီမီးခွက်တစ်ခုကို ငြိမ်းသတ်ပြီး တခြားဆီမီးခွက်ကို ထွန်းညှိတဲ့ လျှို့ဝှက်ချက်ဟာ အဲဒါပဲ ဖြစ်ပါတယ်"

စာဏကျအမတ်ချုပ်ကြီး၏ ပြောစကားကို ကြားရသောအခါ ခရီးသည် ကျေနပ်သွားသည်။

* * *

ဂျာကိသည် အီစလန်မီယာတက္ကသိုလ်၌ ဆရာလုပ်နေသည်။ ဆရာဖြစ်သူမှာ ကျောင်းသားများအတွက် တာဝန်ယူရသူ ဖြစ်သည်။ တစ်နေ့သောအခါ၌ ဂျာကိသည် ကျောင်းသားများအဆောင်ကို စစ်ဆေးကြည့်ရှုရန် သွားသည်။

ထမင်းစားဆောင်၏ တံခါးဝ၌ ကျောင်းသားများ စီးလာသော ဖိနပ်များ ပြန့်ကျဲနေသည်။ဆရာဂျာကိသည် ကျောင်းသားအားလုံး စီးလာသော ဖိနပ်များကို တန်းစီထားလိုက်သည်။ထို့နောက်မှ စားသောက်ဆောင်ထဲ ဝင်ပြီးကြည့်သည်။စားသောက်ဆောင်ခန်းထဲရောက်သွားသောအခါ ကျောင်းသားများ သူတို့ရှေ့၌ချထားသည့် အစားအသောက်နှင့်ပတ်သက်ပြီး ပူညံပူညံလုပ်နေသည်ကိုတွေ့ရသည်။ တချို့ကျောင်းသားက ချပါတီ မကျက်ဘူးဟူ၍ အပြစ်တင်နေကြပြီး အချို့က ချပါတီ တူးနေတယ်ဟု ပြစ်တင်နေကြသည်။တချို့က ပဲဟင်းအရည်ကျဲကျဲ ဖြစ်နေတယ်ဟု ဝေဖန်နေကြသည်။ကျောင်းသားများ၏ရှေ့တွင် ပန်းကန်ပြားတစ်ချပ် ချထားသည်။ပန်းကန်ပြားထဲတွင် တူးနေသော ချပါတီတချို့နှင့် ပဲဟင်းရည်ကျဲတစ်ခွက် ချထားသည်။ ကျောင်းအုပ်ချုပ်သော တာဝန်ရှိသူများ လာကြည့်လျှင် တွေ့သွာ အောင်ဟူသော ရည်ရွယ်ချက်ဖြင့် ထိုကဲ့သို့ ပြုလုပ်ထားကြခြင်း ဖြစ်သည်။

ဆရာဂျာကိ စားသောက်ခန်းထဲဝင်လာပြီး ထောင့်တစ်ထောင့်မှာ ရပ်ပြီး ကြည့်နေသည်။ပန်းကန်ပြားတစ်ချပ်ထဲတွင် ထည့်ထားသော တူးနေသည့် ချပါတီနှင့် ပဲဟင်းရည်ကျဲကို တွေ့မြင်သွားသည်။ပဲဟင်းအရည်ကျဲကျဲကို တွေ့မြင်ရသည်ဖြစ်၍ ဆရာဂျာကိသည် ပန်းကန်ထဲက ချပါတီနှင့် ပဲဟင်းရည်ကျဲကျဲကို မြိန်မြိန်ရှက်ရှက် စားသောက်နေသည်။ဆရာဂျာကိ၏ အပြုအမူကို တွေ့ရသောအခါ ကျောင်းသားများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ဆရာဂျာကိက ပြောသည်။

"ငါတို့နေကြတဲ့ တိုင်းပြည်မှာ လူ သိန်းပေါင်းများစွာဟာ မင်းတို့ ယခုပစ်ထားတဲ့ အစားအသောက်မျိုးကိုတောင်မှ မစားကြရဘူး။ မင်းတို့စားသောက်ရမယ့် အစားအသောက်ကို ယခုလို လွှင့်မပစ်ခင် ငါပြောတာကို မင်းတို့ စဉ်းစားကြည့်ရမယ်"

ဆရာဂျာကီ၏စကားကို ကြားရသောအခါ ကျောင်းသားများသည် သူတို့ကို ခွင့်လွှတ်ပါမည့်အကြောင်း တောင်းပန်ပြီးလျှင် နောင်တွင် မည်သည့်အခါ မှ အစားအသောက်နှင့် ပတ်သက်ပြီး ယခုလို ရှုတ်ချပြစ်တင်သည့် စကားမျိုးကို မပြောတော့ပါဟု ဝန်ခံကတိပေးကြသည်။

* * *

# အုတ်ခဲကို ခေါင်းအုံးလုပ်ပြီး မြက်ဖျာပေါ်အိပ်သူ

ရာဇိယာသည် ကြီးကျယ်ထင်ရှားသော သူတော်စင်တစ်ပါး ဖြစ်သည်။အချိန်ရှိသမျှ အလ္လာကိုသာ အာရုံပြုနေသူ ဖြစ်သည်။သူ၏ ကျောင်းသခ်မ်း၌ အမြဲတမ်းလိုလို သူတော်စင်များ စုဝေးနေလေ့ ရှိကြသည်။ယင်းသူတော်စင်များထဲက သူတော်စင်တစ်ဦးမှာ ရာဇိယာ၏ ကျောင်းသခ်မ်း၌ လပေါင်းများစွာကစပြီး နေလာခဲ့သူ ဖြစ်သည်။ယင်းသူတော်စင်သည် ရာဇိယာအား နေ့စဉ်နေ့တိုင်း အိပ်ချိန်၌ မြက်ဖျာပေါ်မှာ အိပ်ပြီး၊ ခေါင်းအုံးအဖြစ် အုတ်တစ်ချပ်အား အသုံးပြုသည်ကိုလည်းကောင်း၊ ယင်းမြက်ဖျာပေါ်၌ထိုင်ပြီး အလ္လာကို နှုတ်ကရွတ်ဆိုဦးခိုက်နေသည်ကိုလည်းကောင်း၊ ယင်းမြက်ဖျာပေါ်၌ပင် အိပ်လေ့ရှိသည်ကိုလည်းကောင်း တွေ့ရသောကြောင့် တစ်နေ့သောအခါတွင် ရာဇိယာကို မေးကြည့်သည်။

"ရာဇိယာ မိတ်ဆွေဟာ ဒါလောက်ကြီးကျယ်တဲ့ သူတော်စင်ကြီးတစ်ပါး ဖြစ်နေပါလျက် အုတ်ချပ်ကို ခေါင်းအုံးလုပ်ပြီး မြက်ဖျာပေါ်မှာ အိပ်နေရသလား၊ ကျုပ်မိတ်ဆွေတချို့ဟာ ကြည်ညိုလေးစားသူများ ပေးကမ်းလှူဒါန်းထားတဲ့အတွက် ပစ္စည်းများ အလျှံပယ်ရှိနေကြတယ်။ အဲဒီ ကျုပ်မိတ်ဆွေ သူတော်စင်များဟာ ခမ်းနားတဲ့အိမ်မှာနေပြီး ဖဲမွေ့ရာ အိပ်ရာပေါ်မှာ အိပ်ကြတယ်။မိတ်ဆွေမှာလည်း ကြည်ညိုလေးစားသူတွေ အများကြီးရှိတယ်မဟုတ်လား။ကိုယ့်ကို ကြည်ညိုလေးစားတဲ့ လူတွေကို မိမိနေဖို့အတွက် ကောင်းပေ့ဆိုတဲ့ အသုံးအဆောင်ပစ္စည်းများကို ဘာကြောင့် အစီစဉ် မခိုင်းတာလဲ"

ယင်းသူတော်စင်၏ မေးမြန်းချက်ကို ကြားရသောအခါ ရာဇိယာက ပြန်ပြောသည်။

“ကျုပ် ယခုလိုနေတာဟာ အလ္လာရဲ့ လိုလားချက်အရသာ နေထိုင်တာ ဖြစ်တယ်။အလ္လာက ယခုလို နေထိုင်တာ နှစ်သက်နေတဲ့ အခြေအနေမှာ ကျုပ် အနေနှင့် ကဏ္ဍကောစ ပြုလုပ်လို့ ဘယ်ဖြစ်ပါ့ မလဲ”

ရာဗိယာ၏ ရိုးသားမှု၊ စိတ်သဘောထားပြည့်ဝမှုကို ကြားရသည့်အတွက် သူနှင့်အတူနေထိုင်သော သူတော်စင်လည်း ရာဗိယာကို မချီးကျူးဘဲ မနေနိုင်ပေ။

* * *

ကမ္ဘာပေါ်၌ ဟိန္ဒူလူမျိုးတို့သည် နတ်အကိုးကွယ်ဆုံး လူမျိုးတစ်မျိုး ဖြစ်သည်။တချို့နတ်များကို ဘုရားအဖြစ် ကိုးကွယ်ကြသည်။ ဗိရှနု (ပိဿနိုး)၊ ရှိဝ (သိဝ) စသော နတ်များသည် ဟိန္ဒူလူမျိုး များ ကိုးကွယ်သော နတ်ဘုရားများဖြစ်ကြသည်။

ဟိန္ဒူလူမျိုးများ တလေးတစားကိုးကွယ်သော နတ်သမီး တစ်ပါး ရှိသည်။ယင်းနတ်သမီး၏အမည်မှာ လက္ခမီ ဖြစ်သည်။ ဟိန္ဒူလူမျိုးတို့ ကိုးကွယ်သော လက္ခမီနတ်သမီးသည် ဥစ္စာစနေ ဆောင်ကြဉ်းလာသော သို့မဟုတ် ဥစ္စာစနေပေးကမ်းသော နတ်သမီးဖြစ် သည်။ထို့ကြောင့် ဟိန္ဒူလူမျိုးတို့သည် လက္ခမီနတ်သမီးအား စီးပွား ဖြစ်အောင် လုပ်ပေးသော နတ်သမီးဖြစ်သည်ဟူ၍ ယူဆကြပြီးလျှင် လက္ခမီနတ်သမီးကို ကိုးကွယ်ဆည်းကပ်ကြသည်။ဟိန္ဒူဘုရားကျောင်း များ၌လည်းကောင်း၊ ဟိန္ဒူလူမျိုးတို့၏ အိမ်ဂေဟာများ၌လည်းကောင်း၊ ဟိန္ဒူလူမျိုးတို့၏ ဘာသာရေးစာအုပ်များ၌လည်းကောင်း လက္ခမီ နတ်သမီး၏ပုံကို တခမ်းတနား ပုံဖော်ထားကြသည်။ချိတ်ဆွဲထားကြ သည်။ရုပ်တုများ ထုလုပ်ထားကြသည်။

ပါဠိစကား၊ ဟိန္ဒီစကား၊ သက္ကတစကားများ၌ "ကု"သည် "နဂေတစ်" အနက်အဓိပ္ပာယ်ထွက်သည်။ဥပမာ "ကမ္မ"ဟူသော စကားလုံးသည် "အလုပ်"အနက်အဓိပ္ပာယ်ထွက်သည်။"ကု" အက္ခရာ နှင့်တွဲပြီး "ကုကမ္မ"ဟု ဆိုသောအခါ "ကု"က မကောင်းသော အဓိပ္ပာယ် ထွက်ပြီး "ကုကမ္မ"၏ အဓိပ္ပာယ်သည် "မကောင်းသောအလုပ်"ဟု အနက်အဓိပ္ပာယ် ထွက်သွားသည်။"လက္ခမီ"နတ်သမီးသည် ဥစ္စာပေး သော၊ ဥစ္စရှင် ဓနရှင်ဖြစ်အောင်လုပ်သော နတ်ဖြစ်သည့်အတွက် "လက္ခမီ"၏ ဆန့်ကျင်ဘက် "ကုလက္ခမီ"သည် ဥစ္စာပစ္စည်း ပျက်စီး

ဆုံးပါးစေသော မွဲအောင်လုပ် သော နတ်သမီး ဖြစ်သွားသည်။"လက္ခမီ" နတ်သမီး နှင့် "ကုလက္ခမီ" နတ်သမီး နှစ်ပါးတို့၏အကြောင်းကို သရုပ်ဖော်ထားသော ပုံပြင်တစ်ခုရှိသည်။

တစ်နေ့သောအခါ၌ လက္ခမီနတ်သမီးနှင့် ကုလက္ခမီ နတ်သမီးနှစ်ပါး သည် မည်သူက တော်သည်၊ မည်သူက သာသည်၊ မည်သူက အဆင့်အတန်းမြင့် သည်ဟူ၍ အငြင်းအခုံဖြစ်ကြသည်။နတ်သမီး ညီအစ်မနှစ်ဖော်အနက် လက္ခမီ နတ်သမီးကလည်း သူကသာ တော်သည်၊ ကုလက္ခမီ နတ်သမီးက သူ့လောက် မတော်ဟူ၍လည်းကောင်း၊ ကုလက္ခမီနတ်သမီးကလည်း သူကသာ တော်သည်၊ လက္ခမီနတ်သမီးက သူ့လောက် မတော်ဟူ၍လည်းကောင်း ကိုယ့်အယူအဆကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်ထားကြသည်။

နတ်သမီးနှစ်ပါးသည် သူတို့၏ ပဋိပက္ခကို အဆုံးအဖြတ်ပေးမည့် ပုဂ္ဂိုလ်ကို ရှာကြည့်သောအခါ နတ်ရသေ့ နာရဒကို သွားတွေ့ကြသည်။

နာရဒရသေ့သည် အခင်းဖြစ်ပွားသောအခါများ၌ အဆုံးအဖြတ်ပေးလေ့ ရှိသော ရသေ့ဖြစ်သည်။နာရဒရသေ့၏ ပုံပန်းသဏ္ဍာန်မှာ အရောင်အဆင်းမရှိဘဲ မွဲခြောက်နေသော ဆံကျစ်ထုံးထားသည်။အသားအရေမှာမူ ဖြူဝင်းနေသည်။ လက်ထဲတွင် စောင်းပိုက်ထားသည်။

နတ်သမီးညီအစ်မနှစ်ဖော်သည် နာရဒရသေ့ကြီးထံသွားပြီး သူတို့၏ ပြဿနာကို တင်ပြသည်။နတ်သမီးနှစ်ဖော် တင်ပြသော ပြဿနာကို ကြားရသော အခါ နာရဒရသေ့ကြီးသည် မည်ကဲ့သို့ အဆုံးအဖြတ်ပေးရမည်ဆိုသည်ကို တွေးမရ သောကြောင့် ခေါင်းကုတ်လိုက်သည်။ထို့နောက် အချိန်အတန်ကြာမျှ စဉ်းစားပြီး သောအခါ "သင်တို့နှစ်ယောက် တစ်ယောက်စီ ခြေလှမ်းတစ်ရာ လှမ်းသွားရမယ်။ ခြေလှမ်းတစ်ရာလှမ်းပြီး ပြန်ခဲ့ရမယ်။အဲဒီအခါကျတော့မှ သင်တို့ နှစ်ယောက်ရဲ့ ပြဿနာကို ငါ ဆုံးဖြတ်ပေးမယ်"ဟု ပြောလိုက်သည်။

နတ်သမီးနှစ်ယောက် အားရဝမ်းသာဖြစ်သွားပြီး ရှေးဦးစွာ လက္ခမီ နတ်သမီးက ခြေလှမ်း အလှမ်းတစ်ရာ လှမ်းသွားပြီး အပြန်တွင်လည်း ခြေလှမ်း တစ်ရာလှမ်းပြီး ပြန်လာသည်။ကုလက္ခမီနတ်သမီးကလည်း အားကျမခံ လက္ခမီ နတ်သမီးလိုပင် ခြေလှမ်းတစ်ရာ လျှောက်သွားပြီး အသွားတုန်းကကဲ့သို့ပင် အပြန်တွင်လည်း ခြေလှမ်းတစ်ရာလှမ်းပြီး ပြန်လာသည်။

လက်ျာမိနတ်သမီးနှင့် ကုလက်ျာမိနတ်သမီး လမ်းလျှောက်ပြသည်ကို ကြည့်ပြီးသောအခါ နှစ်ယောက်လုံး၏ လျှောက်ပုံသည် ညီတူညာတူပင် ခွဲမရအောင် ဖြစ်နေသည်ကို ဆင်ခြင်စဉ်းစားပြီး အဆုံးအဖြတ်ပေးလိုက်သည်။

"သင်တို့နှစ်ယောက်လုံး သူ မသာ ကိုယ် မသာ တော်ကြပါပေတယ်"

နာရဒ ရသေ့ကြီး၏စကားကို ကြားရသောအခါ လက်ျာမိနတ်သမီးနှင့် ကုလက်ျာမိနတ်သမီးတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ကြသည်။နာရဒရသေ့ကြီးသည် သူ့စကားကို ဆက်ပြောသည်။

"ငါ တကယ်ပြောတာ။သင်တို့နှစ်ယောက်လုံး ချီးကျူးဂုဏ်ပြုထိုက်တဲ့ နတ်သမီးနှစ်ဖော် ဖြစ်ကြတယ်။ဒါပေမဲ့ လက်ျာမိနတ်သမီးက လာတဲ့အခါ ပိုသွက်ပြီး ကုလက်ျာမိနတ်သမီးက သွားတဲ့အခါ ပိုသွက်တယ်"

နာရဒရသေ့၏ အဆုံးအဖြတ်ကို ကြားရသောအခါ နတ်သမီးနှစ်ဖော်၏ ပြဿနာသည် သောင်မတင်ရေမကျ ဖြစ်သွားသည်။

* * *

ရှေးရှေးတုန်းက ဓာရာတိုင်းပြည်တွင် ဘုရင်တစ်ပါးရှိသည်။ ဘုရင်၏အမည်မှာ ဘောဇဟု ခေါ်သည်။ကဗျာဆရာများထဲတွင် လည်းကောင်း၊ တရားရှင်များထဲတွင်လည်းကောင်း၊ ဒါနရှင်များထဲတွင် လည်းကောင်း၊ ခနရှင်များထဲတွင်လည်းကောင်း၊ လေးသည်တော်များ ထဲတွင်လည်းကောင်း သူနှင့်တူသူ တခြားဘုရင် မရှိဟု ပြောဆိုကြ သည်။

ဘောဇဘုရင်၏ ရက်ရောမှု၊ ပြည်သူပြည်သားများအပေါ် ထောက်ထားညှာတာမှုများနှင့် ပတ်သက်၍ ဇာတ်လမ်းအတ္ထုပ္ပတ္တိ များစွာ ရှိသည်။ဘောဇဘုရင်သည် ကံတော်ကုန်ခါနီးအချိန်၌ သူ၏ အမတ်ကြီး ကို အပါးသို့ ခေါ်ပြီးလျှင်၊

"အမတ်ကြီး၊ ကျုပ် ကွယ်လွန်သွားတဲ့အခါမှာ တစ်ခုလုပ်ရ လိမ့်မယ်" ဟု ပြောသည်။

"ဘာလုပ်ရမလဲ အရှင်မင်းကြီး၊ အမိန့်တော်မြွက် ချမှတ်ပါ"

အမတ်ကြီးက အားတက်သရော ပြန်လည်လျှောက်ထား သည်။

"ကျုပ် ရုပ်ကလာပ်ကို သုသာန်သင်္ချိုင်းသို့ ဖုတ်ကြည်း မီးသင်္ဂြိုဟ်ဖို့ ဆောင်ကြဉ်းသွားတဲ့အခါ ကျုပ် လက်တစ်ဘက်ကို အဖြူရောင်ဆိုးထားပြီး ကျန်တဲ့ လက်တစ်ဘက်ကို အနက်ရောင် ဆိုး ထားရမယ်။ပြီးတော့ လက်နှစ်ဘက်ကို အပြင်ဘက်ထုတ်ပြပြီး ရုပ်ကလာပ်ကို သယ်ဆောင်သွားရမယ်"

ဘုရင်မင်းကြီး၏ ထူးထူးဆန်းဆန်းအမိန့်ကို ကြားရသော အခါ အမတ်ကြီးသည် "ဘုရင်မင်းကြီး စိတ်မှ မှန်ရဲ့လား"ဟူ၍ စဉ်းစား မိသည်။ဘုရင်မင်းကြီး ဘာကြောင့် ယင်းကဲ့သို့ ထူးထူးဆန်းဆန်း

အမိန့်မျိုး အဘယ်ကြောင့် မိန့်မှာရသနည်းဟု မတွေးတတ်အောင် ဖြစ်နေသည်။

ထို့ကြောင့် အမတ်ကြီးက . . .

"အရှင်မင်းကြီး၊ ဘယ်လိုရည်ရွယ်ချက်နှင့် ယခုလို အမိန့်ရှိတာလဲ" ဟူ၍ ဘုရင်မင်းကြီးကို ပြန်လည်လျှောက်ထားလိုက်သည်။

ထိုအခါ ဘောဇဘုရင်က ဤသို့ ပြန်လည်မိန့်ကြားသည်။

"အပြင် ထုတ်ပြထားတဲ့ လက်ချည်းတွေ့ရတဲ့အခါမှာ ဘုရင်ဖြစ်ဖြစ်၊ သူတောင်းစားဖြစ်ဖြစ်၊ သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ အာဏာရှိသူဖြစ်ဖြစ်၊ အာဏာမဲ့သူဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ယောကျ်ားဖြစ်ဖြစ်၊ ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် ဘယ်သူမဆို ကွယ်လွန်သွားတဲ့အခါ ဒီလူ့ဘဝ လူ့လောကက ဘာပစ္စည်းမှ သယ်ဆောင်သွားလို့ မရဘူးဆိုတဲ့ အဓိပ္ပာယ်ကို ပြည်သူပြည်သား လူအများ သိစေလိုတဲ့အတွက် လက်ကို အပြင်ဘက်ထုတ်ပြခိုင်းရတာ ဖြစ်ပါတယ်။လာတဲ့အခါမှာလည်း လက်ချည်းပဲ လာကြရတယ်။ပြန်သွားတဲ့အခါကျတော့လည်း လက်ချည်းပဲ ပြန်သွားကြရတယ်။လက်တစ်ဘက်ကို အဖြူရောင်ဆိုးထားပြီး ကျန်လက်တစ်ဘက်ကို အနက်ရောင်ဆိုးခိုင်းတာကတော့ လူတွေဟာ ကွယ်လွန်တဲ့အခါမှာ ကိုယ်နှင့် တစ်ပါတည်း ပါသွားတဲ့အရာဟာ လူ့ဘဝမှာ ပြုလုပ်ခဲ့ကြတဲ့ ကောင်းမှု (အဖြူရောင်)နှင့် မကောင်းမှု (အနက်ရောင်)သာ ဖြစ်တယ်ဆိုတာကို သိစေလိုတဲ့အတွက် ဖြစ်တယ်"

ဘောဇဘုရင် ကံကုန်သွားသောအခါ ဘုရင့်အမတ်ကြီးသည် ဘုရင်မင်းကြီး မိန့်မှာထားသည့်အတိုင်း ပြုလုပ်ဆောင်ရွက်သည်။

* * *

ဝိက္ကမာဒိတျဘုရင်ထံ လက္ခဏာဖတ် ဆရာတစ်ယောက် ရောက်လာသည်။ဘုရင်က သူ၏လက်ဝါးကို ထိုးပြပြီး လက္ခဏာ အကြည့်ခိုင်းသည်ဖြစ်၍ လက္ခဏာဆရာသည် ဝိက္ကမာဒိတျဘုရင်၏ လက္ခဏာကိုကြည့်ပြီး အကြီးအကျယ် အံ့အားသင့်သွားသည်။ လက္ခဏာအရ ပြောရလျှင် လက္ခဏာရှင်သည် အင်အားချည့်နဲ့သူ ပိန်တာရိုး ဖြစ်နေရမည်။ဆင်းရဲမွဲတေနေသူ ဖြစ်ရမည်။သို့သော် တကယ့် လက်တွေ့အရမူ လက္ခဏာရှင်သည် လေးလုံးခြောက်ဖက် သန်မာထွား ကျိုင်းသူ ဖြစ်နေသည်။ဘုရင်တစ်ပါးလည်း ဖြစ်နေသည်။လက္ခဏာ၌ပါ ရှိသည့် ဟောကိန်းများနှင့် လက္ခဏာရှင် ပြောင်းပြန်ဖြစ်နေသည်ကို တွေ့ ရ၍ လက္ခဏာဆရာ မတွေးတတ် မကြံတတ် ဖြစ်သွားသည်။

လက္ခဏာဆရာ အကြံအိုက်နေပုံကို တွေ့ရ၍ ဝိက္ကမာဒိတျ ဘုရင်သည် သူ့ဓားအိမ်ထဲကဓားကို ထုတ်ယူပြီး "အပြင်ဘက်က လက္ခဏာတွေကိုကြည့်ပြီး လက္ခဏာဆရာ အတွေးရခက်နေပုံရတယ်။ အတွင်းထဲမှာ ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ သိရအောင် ကျုပ် ရင်ကို ခွဲပြမယ်"ဟုဆိုပြီး သူ့ရင်ဘတ်ပေါ် ဓားသွားတင်လိုက်သည်။ လက္ခဏာဆရာက ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး ဘုရင်မင်းကြီး၏ လက်ကို ဆွဲကိုင်ထားလျက် "အရှင်မင်းကြီး၏ ဘဝဟာ အရှင်မင်းကြီး ၏ လက္ခဏာပါ အကြောင်းအရာများနှင့် အဘယ့်ကြောင့် ဆန့်ကျင် ဘက် ဖြစ်နေတယ်ဆိုတာ ကျွန်ုပ် သိရှိနားလည်ပါပြီ။ခေတ်က လူကို ဖန်တီးတာ မဟုတ်ပါဘူး။လူကသာ ခေတ်ကို ဖန်တီးတာပါ။အရှင်မင်း ကြီးရဲ့ လုံ့လဝီရိယက အရှင်မင်းကြီးရဲ့ လက်ဝါးမှာပါတဲ့ လက္ခဏာကို ပြောင်းလဲပစ်တာ အရှင်မင်းကြီး"ဟု လျှောက်ထားပြောပြလိုက်သည်။

ထိုအခါကျမှ ဝိက္ကမာဒိတျ ဘုရင်မင်းကြီးလည်း ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်သည်။

* * *

၁၉၆၃ ခုနှစ် မြင်းခြံမြို့နယ်၌ ကျင်းပပြုလုပ်သော ဒုတိယ အကြိမ်မြောက် တို့ဗမာအစည်းအရုံး ညီလာခံ ဆုံးဖြတ်ချက်အရ "ကိုယ့်မင်း ကိုယ့်ချင်း"အဖွဲ့ဝင် သခင်ခေါင်းဆောင်များသည် ၉၁ ဌာန အုပ်ချုပ်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့အစိုးရ ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ ယှဉ်ပြိုင်အရွေးခံကြသည်။တို့ဗမာအစည်းအရုံး၏ ရည်ရွယ်ချက်သည် ၉၁ ဌာန အုပ်ချုပ်ရေးကို ပါလီမန်အတွင်းဝင်ပြီး တိုက်ဖျက်ရန် ဖြစ်သည်။

ထိုအချိန်၌ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်တွင် သခင် အမတ်လောင်းများအတွက် တရားပွဲများ ကျင်းပပြုလုပ်ကြသည်။ ဟင်္သာတခရိုင်မှလည်း သခင်အမတ်လောင်းများ ရွေးကောက်ပွဲဝင်ကြသည်။အမျိုးသားပညာဝန် ဦးဖိုးကျား၏ဇာတိ ဟင်္သာတမြို့နယ် နိဗ္ဗာန်၌လည်း သခင်အမတ်လောင်းတစ်ဦးအတွက် သခင်တရားပွဲ ကျင်းပပြုလုပ်နေသည်။တရားပွဲ ကျင်းပပြုလုပ်သော နေရာမှာ နိဗ္ဗာန်ရပ်ရှင်ရုံ ဖြစ်သည်။ထိုနေ့က ကျင်းပပြုလုပ်သော သခင်တရားပွဲ၌ ပထမဦးဆုံး ဟောပြောသောပုဂ္ဂိုလ်မှာ သခင်ကိုယ်တော်မှိုင်း ဖြစ်သည်။သခင် ကိုယ်တော်မှိုင်းသည် စာအရေးကောင်းသလို အပြောလည်း ကောင်း သည်။သခင်ကိုယ်တော်မှိုင်းတရားနာရသော ပရိသတ်သည် ပျင်းရိငြီးငွေ့သွားခြင်း မရှိပေ။သခင်ကိုယ်တော်မှိုင်းသည် နိုင်ငံရေးတရား ဟောနေသော်လည်း ပရိသတ်ပွဲကျအောင် ဟောတတ် ပြောတတ်သူ ဖြစ်သည်။

"ဒိုင်း . . ဒိုင်း . . ဒိုင်း"

သခင်ကိုယ်တော်မှိုင်း တရားဟောပြောနေစဉ် ရုပ်ရှင်ရုံ ခေါင်မိုးပေါ် အုတ်ခဲသုံးလုံး ကျလာသည်။ပရိသတ် လှုပ်လှုပ်ရွရွ ဖြစ်သွား

သည်။ပရိသတ်ထဲက တချို့မှာ ထပြေးရတော့မလို ထိုင်ရမလို ဖြစ်သွားကြသည်။သို့သော်လည်း သခင်ကိုယ်တော်မှိုင်းကမူ သူဟောနေသောတရားကို ရပ်မပစ်ဘဲ ဣန္ဒြေမပျက် ဆက်ဟောနေသည်။

ထိုအချိန်က သခင်တရားပွဲများ၌ အင်္ဂလိပ်အစိုးရ၏ လက်ပါးစေများသည် လူမိုက်ဒလန်များကိုမွေးပြီး ခဲ ပုလင်းများဖြင့် ဖောက်ခိုင်းကြသည်။ပုလိပ်စုံထောက်များနှင့် ခြိမ်းခြောက်ကြသည်။ သခင်ခေါင်းဆောင်များကိုလည်း ပုဒ်မအမျိုးမျိုးတပ်လျက် ဖမ်းဆီးကြသည်။ကိုယ့်မင်းကိုယ့်ချင်း အမတ်လောင်းများကို မဲမပေးဝံ့အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားကြသည်။

သို့သော်လည်း သခင်ကိုယ်တော်မှိုင်းသည် အနှောင့်အယှက် အဟန့်အတားများကို လုံးဝဂရုမထားဘဲ ခဲပေါက်သံကို လုံးဝမကြားသလိုပင် ဣန္ဒြေမပျက် ဆက်လက်ဟောပြောနေသည်။သခင်ကိုယ်တော်မှိုင်း သတ္တိ၊ သခင်ကိုယ်တော်မှိုင်း၏ သမာဓိ ကူးစက်သွားသလားမသိ အမှတ်တမဲ့ လှုပ်လှုပ်ရွရွဖြစ်သွားသော ပရိသတ်လည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီးလျှင် သခင်ကိုယ်တော်မှိုင်း ၏ ရဲရဲတောက် တရားများကို ဆက်လက်နားထောင်ကြသည်။

ပုလင်းကွဲသံ၊ ခဲပေါက်သံတို့သည် သခင်ကိုယ်တော်မှိုင်း၏ ရဲရဲတောက် သတ္တိကို အံတုနိုင်ခြင်း မရှိပေ။အင်္ဂလိပ်အစိုးရ လက်ပါးစေများ ငှားရမ်းသော လူမိုက်ဒလန်များသည်လည်း သူတို့၏ ကြိုးပမ်းအားထုတ်မှုများ မအောင်မမြင် ဖြစ်သွားသောအခါ နောက်ကြောင်းပြန်ဆုတ်သွားကြသည်။သခင်ကိုယ်တော်မှိုင်း၏ ရဲရဲတောက် တရားပွဲအပြီးတွင် သခင်ကိုယ်တော်မှိုင်းထံမှ သတ္တိခဲ ကူးစက်လာသောတရားနာပရိသတ်ကြီးသည် "သခင်မျိုးဟေ့ ဒို့ဗမာ"ဟု ဟစ်အော်ကြွေးကြော်ကြသည်။

* * *

လွန်ခဲ့သော ဆယ်နှစ်ကျော်က အဖြစ်အပျက်တစ်ခုဖြစ်သည်။ စတော့ဟုမ်း၌ ကျင်းပသော နိုဘယ်လ်ဆုပေးပွဲ သတင်းစာထဲမှာ ဖတ်လိုက်ရသည်။ထိုနှစ် ဘာသာရပ်အသီးသီးနှင့်ပတ်သက်ပြီး နိုဘယ်လ်ဆုရသော ပုဂ္ဂိုလ်တိုင်းလိုလိုပင် တက်ရောက် ဆုယူကြသည်။ဆုပေးပွဲ မတက်ရောက်နိုင်သော စာပေနိုဘယ်လ်ဆုရှင်မှာ နဗိမဟာဖု ဖြစ်သည်။ နိုဘယ်လ်ဆုရှင်သည် နိုဘယ်လ်ဆုကို ငြင်းပယ်သည့်သဘောဖြင့် မတက်ရောက်ခြင်း မဟုတ်ပေ။အသက်အရွယ် ဇရာပိုင်းရောက်နေသည့်အတွက် ဆုပေးပွဲ မတက်ရောက်ခြင်း ဖြစ်သည်။အသက်အရွယ် ၇၇ နှစ်လောက် ရှိနေပြီဖြစ်၍ အိုမင်းမစွမ်းဖြစ်နေပြီ။သူ့သမီးနှစ်ယောက်က ဆုတက်ယူကြသည်။

ထိုနှစ် နိုဘယ်လ်ဆုရရှိသော ပုဂ္ဂိုလ်များထဲက နိုဘယ်လ်ဆုရသော ထိုအီဂျစ်လူမျိုး နဗိမဟာဖု၏အကြောင်းမှာ စိတ်ဝင်စားစရာကောင်းလှသည်။ နိုဘယ်လ်စာပေဆုသည် ကမ္ဘာပေါ်တွင် စာပေနှင့်ပတ်သက်ပြီး အမြင့်ဆုံးဆု ဖြစ်သည်။သို့သော်လည်း အာရှနှင့် အာဖရိကနိုင်ငံများက စာပေနိုဘယ်လ်ဆုရသူများ အင်မတန် နည်းသည်။အာရှနိုင်ငံကဆိုရင် မှတ်မှတ်ရရ စာပေပညာရှင်နှစ်ယောက်ပဲ နိုဘယ်လ်ဆုရဖူးသည်။ထို့ကြောင့် ထိုနှစ် အီဂျစ်နိုင်ငံ စာရေးဆရာကို နိုဘယ်လ်ဆုပေးမည်ဟု ကြေညာလိုက်သောအခါ လူများ အံ့သြသွားကြသည်။ နှစ်တိုင်းနှစ်တိုင်း နိုဘယ်လ်ဆုပေးချိန်ရောက်လျှင် ကမ္ဘာ့စာပေလောကမှာ နာမည်ထွက်နေသော ဘယ်ဆရာဟာဖြင့် နိုဘယ်လ်ဆု ချိတ်လိမ့်မည်ဟူ၍ ထည့်ပေးလေ့ ရှိကြသည်။ထိုနှစ်၌လည်း ထိုနည်းအတိုင်းပင် ဂုမ်တာဂရမ့်၊ မီလန်ကိုတေရေ သို့မဟုတ် တခြားစာရေးဆရာတစ်ဦးဦး ရလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ကျွန်ုပ်တို့နိုင်ငံ၌ အမျိုးသားစာပေ

ဆု ကြေညာသော နတ်တော်လ နီးလာသောအချိန်၌ ဘယ်စာရေးဆရာဟာဖြင့် အမျိုးသားစာပေဆု ရလိမ့်မည်ဟု ထင်မြင်ချက်ပေးကြသည့်အတိုင်း ဆု တကယ် ကြေညာသောအခါ သတင်းထွက်နေသော စာရေးဆရာ ဆုရသွားခြင်းရှိသလို သတင်းမထွက်ဘဲ ခေါင်းမြီးခြုံကြားက ဘွားခနဲပေါ်လာသော စာရေးဆရာများ လည်း ရှိသည်။ထိုနှစ် နိုဘယ်လ်ဆုပေးသောအခါမှာလည်း ထိုနည်းအတိုင်း ပင် ဖြစ်သည်။ကျော်တော့ လှေသူကြီး၊ ညားတော့ လှေထိုးသားဖြစ်သည်။ ကျော်တော့ တခြားစာရေးဆရာတွေကျော်ပြီး တကယ့်လက်တွေ့ကျတော့ မထင် သည့် အီဂျစ်စာရေးဆရာက တန်းဝင်သွားသည်။ဆုပေးသောအဖွဲ့ စဉ်းစားသော စာရေးဆရာစာရင်းထဲတွင် သူ့အမည်ပါနေသည်ဆိုခြင်းကိုပင် မဟာဖုက မသိပေ။

အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဆွီဒင်ဘာသာ၊ ဂျာမန်ဘာသာများ ဖြင့် ဘာသာပြန်ထားသော မဟာဖု၏ဝတ္ထုများ ရှိသည်။သို့ရာတွင် သူ့ကို ကမ္ဘာက အသိမများပေ။အမေရိက၌ကား သူ့ဝတ္ထုများသည် အရောင်းရထိုင်းသော စာအုပ် စာရင်းထဲတွင် ပါသည်။တစ်နှစ် အုပ်ရေ ၃၀၀ လောက်သာ ရောင်းရသည်။ထိုနှစ်က နိုဘယ်လ်ဆု ကြေညာသည်နှင့်တစ်ပြိုင်နက် သူ့စာအုပ်များ အရောင်းရ သွက်လာ သည်။

ယင်းသို့ဖြစ်ရခြင်းမှာ အဆန်းမဟုတ်ပေ။ကျွန်ုပ်တို့နိုင်ငံ၌လည်း ထိုနည်း အတိုင်းပင်။တချို့စာအုပ်များဆိုလျှင် လူသိများသော စာအုပ်မဟုတ်ပေ။အမျိုးသား စာပေဆုရမှ ဆုရစာအုပ်ဖြစ်သည့်အတွက် စိတ်ဝင်စားလာကြခြင်း ဖြစ်သည်။ ထိုအခါကျမှ စာအုပ်ကို အူယားဖားယား လိုက်ရှာကြသည်။တချို့စာအုပ်ဆိုလျှင် ဆုရချိန်၌ စာအုပ်ဆိုင်မှာ မရှိတော့ပေ။၁၉၈၆ ခုနှစ်က အမျိုးသားစာပေဆုရသော ကျွန်ုပ်၏ "ဂေါရီ"ဘာသာပြန် ဝတ္ထုစာအုပ်သည် ဆုရသောအချိန်၌ ဆိုင်များတွင် မရှိတော့ပေ။အရောင်းရသွက်ပြီး ပြိုက်ခနဲ ကုန်သွားခြင်းကြောင့် မဟုတ်ပေ။ မရောင်းရသဖြင့် အဟောင်းဈေး ချလိုက်သည့်အတွက် ဆိုင်တွင် လက်ကျန်မရှိ ဖြစ်သွားခြင်း ဖြစ်သည်။

နိုဘယ်လ်ဆုရ အီဂျစ်စာရေးဆရာ မဟာဖုအကြောင်း ပြန်ကောက်ရဦး မည်။မဟာဖုသည် ကိုင်ရိုမြို့ဇာတိ ဖြစ်သည်။၁၉၁၁ ခုနှစ် ဒီဇင်ဘာလထဲတွင် သူ့ကို မွေးဖွားသည်။ကိုင်ရိုတက္ကသိုလ်မှ ဒဿနိကဗေဒနှင့် ဘွဲ့ရသည်။အစိုးရယဉ်ကျေးမှု ဌာန၌ပင် ဝင်အလုပ်လုပ်သေးသည်။သို့သော်လည်း ၁၉၇၁ ခုနှစ်တွင် အစိုးရအလုပ်

က အငြိမ်းစားယူလိုက်သည်။စာပေဝေဖန်ရေးသမားများက သူ့ကို "အီဂျစ်ဗောလ်ဂျစ်" ဟူ၍ ခေါ်ကြသည်။ဗောလ်ဂျစ်၏ ဇာတ်ဆောင်များလို သူ့ဇာတ်ဆောင်များသည် လူ့လောက လူ့အဖွဲ့အစည်း၏ ရှန်းကန်မှုတွေကို မျက်ခြည်ပြတ်မထားကြပေ။

မဟာဖုသည် တက္ကသိုလ်ကျောင်းသားဘဝက အနောက်တိုင်းစာပေကို တော်တော်အာရုံစူးစိုက်သည်။၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစု အစပိုင်းလောက်က ဗြိတိသျှစာရေးဆရာများသည် သူ့အပေါ်တွင် ဩဇာညောင်းကြသည်။မဟာဖု၏ ပထမဆုံးဝတ္ထုသည် "အဗဆုလ် အခေဒါ" (ကံကြမ္မာ၏ လှည့်စားချက်) ဖြစ်သည်။ ၁၉၃၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ထိုအချိန်က အီဂျစ်နိုင်ငံသည် စီးပွားရေး အကျပ်အတည်းနှင့် ရင်ဆိုင်နေရသည်။စီးပွားရေး အကျပ်အတည်းအောက်၌ ဒုက္ခသုခရောက်နေသော သူများသည် စာရေးဆရာကိုယ်တွေ့ ဖြစ်နေသည်။မဟာဖု၏ စောစောတုန်းက စာအုပ်များထဲတွင် ယင်းစာအုပ်သည် ရင်ဆို့ဖွယ် ခြယ်မှုန်းထားသည်ကို တွေ့ရသည်။

အလဗိလာရ ဗနိလာရ "အစနဲ့အဆုံး"ဆိုသော ဝတ္ထုကမူ ဘဝ၌ အထက်ကိုလှမ်းတက်ဖို့ ကြိုးစားပေမယ့် မအောင်မမြင်ဖြစ်ပြီး အောက်ပြန်ကျသော လူတစ်ယောက်အကြောင်း ဖြစ်သည်။

အပြင်အပ၌ ဖြစ်ပျက်နေသော အဖြစ်မှန်များကို မသိနားမလည်ဘဲ အိပ်မက်နောက် အပြေးလိုက်နေသော ပညာတတ်လူတန်းစားများ၏ ကျဆုံးပုံကို ရေးသားထားသော ဝတ္ထုကမူ "ဗိုက်နလခစရင်" (ဗိမာန်နှစ်ခု၏ကြား) ဖြစ်သည်။ စောစောပိုင်းက ဝတ္ထုရှည်များကို ရေးသားပြီးသောအခါ ဝတ္ထုတိုတစ်ပုဒ် ရေးပြန်သည်။ယင်းဝတ္ထု၏နာမည်က "အဆမာန ဗလ ခရိ(ဖ်)" ဖြစ်သည်။ယခုခေတ်လူများ၏ မရေရာသော ယောင်ခြောက်ဆယ်ဘဝကို သရုပ်ဖော်ထားသော ဝတ္ထုဖြစ်သည်။"အလအဖုဆာအိ အုံ" (ပျောက်ဆုံးသွားသော ဖခင်) အမည်ရှိ ဝတ္ထုတိုကမူ စိတ်ပျက်အားလျော့နေသော စိတ်ဓာတ်ကို ကျားကန်ပေးသော ဖခင်တစ်ယောက်အကြောင်း ဖြစ်သည်။

၁၉၃၂ ခုနှစ်၌ မဟာဖုသည် ဝတ္ထုရှည်ကြီးတစ်ပုဒ် လောက်လောက်လားလား ရေးဖြစ်သည်။ယင်းဝတ္ထုရှည်ကြီးကမူ တစ်ပုဒ်ဆို ဆိုသလောက် ဖြစ်သည်။နာမည်တော်တော်ကြီးသွားသော ဝတ္ထုလည်း ဖြစ်သည်။ဟီးဘရူးဘာသာ

ဖြင့် ဘာသာပြန်ထားသည်။လူအဆင့်သုံးဆင့်ကို သရုပ်ဖော်ထားသော ဝတ္ထု ဖြစ်သည်။ရှေးဟောင်း ကိုင်ရိုမြို့၏ လမ်းသုံးလမ်းကို စာရေးဆရာက သူ့ဝတ္ထုအမည် ပေးထားသည်။ဖားရောက်ဘုရင် နန်းမကျခင်နှင့် နန်းကျပြီးသော ခေတ်ကာလကို ခြယ်မှုန်းရေးဖွဲ့ထားသော ယင်းဝတ္ထု ရှည်ကြီးသည် စာမျက်နှာ ၁၅၀၀ လောက် ရှိသည်။ယင်းဝတ္ထု ရေးဖို့အတွက် ငါးနှစ်လောက် သုတေသနလုပ်ရသည်ဟု ဆိုသည်။ယင်းဝတ္ထုမျိုး ထိုအချိန်ထိ အာရဗီဘာသာဖြင့် မပေါ်သေးပေ။ဒုတိယပိုင်းနှင့် တတိယပိုင်းက ဇာတ်ဆောင်ဖြစ်သော ကမားလ်သည် မဟာဖုကို ပြန်လှန်အန်တုသည်။ဒါဝင်နှင့် နယ်ချဲ့တို့၏သဘောများ သူ့အပေါ် လွှမ်းမိုးသွားသည်။ဝေဖန်ရေးသမားများက ချားလက်ဒစ်ကင်သည် လန်ဒန်ကို ခြယ်မှုန်းပြသလို၊ ဇိုလာသည် ပါရီကို ခြယ်မှုန်း ပြသလို မဟာဖုက ကိုင်ရိုကို ခြယ်မှုန်းပြထားသည်ဟု ရေးသားကြသည်။နာဆာအစိုးရကို ခြယ်မှုန်းပြသော မဟာဖု၏ ဝတ္ထုထဲက "အလ္လိဆုဗလကီလာဝ" (သူခိုးနှင့်ခွေး) ဖြစ်သည်။၁၉၆၁ ခုနှစ်၌ ယင်းဝတ္ထုကို ပုံနှိပ်ထုတ်ဝေသည်။

အမေရိကန် ကြားဝင်ဖြန်ဖြေချက်အရ ၁၉၇၉ ခုနှစ်၌ အီဂျစ်နှင့် အစ္စရေးတို့ ငြိမ်းချမ်းရေးစာချုပ်တစ်ခု ချုပ်ဆိုကြသည်။ယင်းစာချုပ်ကို မဟာဖုက အပြည့်အဝထောက်ခံသည်။ထို့ကြောင့် ယင်းစာအုပ်ကို ဆန့်ကျင်ကန့်ကွက်သော အာရပ်နိုင်ငံအချို့က မဟာဖု၏စာအုပ်များကို အသိအမှတ် မပြုကြပေ။

အာရဗီစာပပေညာရှင် စာရေးဆရာကြီး နဗ်မဟာဖုသည် သူ့ဇနီး "အတ္တိသတ်အန်လာ"၊ သူ့သမီးနှစ်ယောက်၊ သူမွေးထားသော ခွေးနှစ်ကောင်နှင့်အတူ ကိုင်ရိုမြို့ရှိ အိမ်ကြီးတစ်အိမ် တတိယထပ်၌ နေသည်။နွေရာသီများ၌မူ ဆိန်ကာဒရီယာ၌ အနေများသည်။နွေရာသီ အနားယူနေသောအခါမျိုး၌ စာလုံးဝ မရေးတော့ပေ။တခြားအချိန်များ၌သာ စာရေးလေ့ရှိသည်။နေ့လယ်နေ့ခင်းအချိန်များ၌ သူ့ကို လက်ဖက်ရည်ဆိုင်များ၌ အပေါင်းအသင်းတွေနှင့် စကားဝိုင်းဖွဲ့ပြောနေသည်ကို တွေ့ရတတ်သည်။ထိုအချိန်၌ အသက်ကလည်းကြီး မျက်စိအမြင်ကလည်း ကောင်းကောင်းမသန်တော့ပေ။

နိုဘယ်လ်ဆုရသောအချိန်၌ သူနှင့်ဆွေးနွေးသော လူတစ်စုက ဆရာကြီး "ဘာဖြစ်လို့ စာရေးတာလဲ"ဟု မေးကြသည်။သူက တခြား စာရေးဆရာတွေလို ဇရာမ ရည်ရွယ်ချက်ကြီးတွေကို စီကာပတ်ကုံး ပြန်ပြောခြင်းမရှိဘဲ "ကျုပ် သမီးနှစ်ယောက် ရှိတယ်။သမီးနှစ်ယောက်က အဖိုးတန် လေဒီရှူး စီးချင်ကြတယ်။သမီးတွေအတွက် ဖိနပ်ဝယ်ပေးဖို့ စာရေးတာပါ"ဟု ဖြေသည်။"ဆရာကြီးရတဲ့ ဆုငွေ သိန်း ၅၀၀ ကို ဘာလုပ်မလဲ"ဟု ပေါက်ပေါက်ရှာရှာ မေးသောလူလည်း ရှိသေးသည်။ "ဒီကိစ္စ ကျုပ်အမျိုးသမီးက စီစဉ်ပါလိမ့်မယ်"ဟု ပြန်ဖြေသည်။

တစ်ဘက်ကလည်း ကြိုးစားအားထုတ်သည်။တစ်ဘက်က လည်း ကံကောင်းထောက်မသည်။ထို့ကြောင့် နိုဘယ်လ်ဆုရသည်ဟု သူ ယုံကြည်ယူဆသည်။

* * *

မြို့တစ်မြို့၌ သူဌေးကြီးတစ်ဦး ရှိသည်။သူဌေးကြီးသည် ဥစ္စာဓန များစွာကြွယ်ဝချမ်းသာသည်။သူ၏သေတ္တာထဲတွင် ရွှေဒင်္ဂါး အပြည့်ရှိသည်။သို့သော်လည်း သူဌေးကြီးသည် လောဘကို အတော မသတ်နိုင်ပေ။ဥစ္စာပစ္စည်း တိုးပွားလာလေလေ ထပ်၍ထပ်၍ လိုချင် လေလေ ဖြစ်နေသည်။

သူဌေးကြီးသည် အလွန်နမြောတတ်သူလည်း ဖြစ်သည်။ မည်သူ့ကိုမျှ တစ်ပြားတစ်ချပ် မပေး။အလှူဒါနလည်း မပြုပေ။သူ၏ အိမ်တံခါးဝသို့ တစ်စုံတစ်ဦး လက်ဖြန့်ပြီး လာတောင်းသူရှိလျှင် အလှူခံ ကို မောင်းထုတ်လေ့ ရှိသည်။တစ်နေ့သ၌ သူဌေးကြီးအိမ်သို့ ရသေ့ တစ်ပါး အလှူခံရောက်လာသည်။ရသေ့ကို တွေ့သောအခါ သူဌေးကြီး သည် ထူးထူးခြားခြား ဘာစိတ်ကူးပေါက်သွားသည်မသိ ရသေ့ အလှူခံ အိတ်ထဲ ပိုက်ဆံတစ်ပြား ထည့်လိုက်သည်။ရသေ့လည်း သူဌေးကြီး အိမ်မှ ပြန်ထွက်သွားသည်။

သို့ရာတွင် သူဌေးကြီးအတွက် အံ့သြစရာဖြစ်လာရသည်မှာ ထိုနေ့ ညချမ်းအချိန်၌ သူဌေးကြီးသည် မမျှော်လင့်ဘဲ ရွှေဒင်္ဂါးတစ်ပြား ရရှိသည်။

"ပိုက်ဆံတစ်ပြားအစား ရွှေဒင်္ဂါးကို ရပါကလား" သူဌေးကြီး သည် ဝမ်းသာလွန်းသဖြင့် ထခုန်သည်။သို့သော်လည်း မကြာခင်ပင် သူဌေးကြီးသည် စိတ်မကောင်းဖြစ်သည်။သူ၏ အတွင်းသဏ္ဌာန်ထဲက တစ်စုံတစ်ရာက "မိုက်လှချည်လား သူဌေး၊ ရသေ့ကို ဘာဖြစ်လို့ ပိုက်ဆံ တစ်ပြားတည်း ပေးတာလဲ။တကယ်လို့ ရွှေဒင်္ဂါးတစ်ပြားသာပေးရင် ရွှေတွေ ဘယ်လောက်ရရှိမလဲ"ဟု ပြောသောကြောင့် နောင်တရရှိသွား ခြင်း ဖြစ်သည်။ယင်းသို့ အတွေးပေါက်လာသည်ဖြစ်၍ သူဌေးကြီးသည် သူ့ကိုယ်သူ အပြစ်တင်သည်။

"ဒီတစ်ခါ ရသေ့လာပေစေဦး၊ လာမှ ရွှေဒင်္ဂါးလှူလိုက်မယ်"

ယင်းသို့ စိတ်ကူးပြီး ရသေ့အလာကို စောင့်ဆိုင်းနေသည်။

သူဌေးကြီးသည် ရသေ့ကို အချိန်ကြာကြာ မစောင့်လိုက်ရပေ။ နောက်တစ်နေ့ သူဌေးကြီးအိမ်သို့ ရသေ့ ပေါက်လာပြန်သည်။

ရသေ့ ရောက်သည်နှင့်တစ်ပြိုင်နက် သူဌေးကြီးသည် သူ၏ သံသေတ္တာထဲက ရွှေဒင်္ဂါးတစ်ပြား ထုတ်ယူပြီး ရသေ့၏ အလှူခံ အိတ်ထဲသို့ ထည့်လိုက်သည်။တစ်နာရီ နှစ်နာရီမျှသော အချိန်ကာလကို ခေတ်တစ်ခေတ်လောက် ကြာသည်ဟု အောက်မေ့နေသည်။ချက်ချင်း ညနေချိန်ရောက်လိုသည့်စိတ်ဆန္ဒ ပြင်းထန်နေသည်။

ညနေချမ်း ရောက်လာသည်။

ညနေချမ်း ရောက်လာပြီး ညဥ့်ရောက်သည်။

သို့ရာတွင် ဘာမှ ထူးခြားမလာပေ။

ရွှေဒင်္ဂါးရဖို့ ဝေးလေစွ။လက်ထဲက ရွှေဒင်္ဂါးပင် ဘယ်ဆီ ဘယ်ဝယ် ရောက်သွားသည် မသိပေ။သူဌေးကြီး မရှုနိုင် မရှိုက်နိုင် ဖြစ်နေစဉ် ကောင်းကင်မှ အသံတစ်သံ ထွက်လာသည်။

"အို . .သူဌေး ပေးကမ်းစွန့်ကြဲခြင်းသည် အကျိုးဖြစ်ထွန်း၏။ လောဘဇောထွက်ခြင်းသည် အကျိုးမဲ့ဖြစ်စေသည်"

* * *

# လက်ကိုင်တုတ်ပျောက်လို့

လူတစ်ယောက် နံနက်ချိန် မြစ်ကမ်းပါး၌ လမ်းလျှောက်နေသည်။ထိုအခိုက် ငွေရိုးတပ် လက်ကိုင်တုတ်တစ်ချောင်း ဘယ်က မျောလာသည်မသိ ကမ်းစပ်၌ လာတင်နေသည်ကို တွေ့ရသည်။"ဟာ ကော်တာပဲ"ဟု ပြောပြီး ထိုလူ ငွေရိုးတပ် လက်ကိုင်တုတ်ကို ကောက်ယူလိုက်သည်။

ထို့နောက် မြစ်ထဲ ရေဆင်းချိုးဖို့ သတိရလာသည်။သို့သော်လည်း သူကောက်ရသော ငွေရိုးတပ် လက်ကိုင်တုတ် သူ့လက်ထဲက တစ်ဖန်လွတ်ထွက်သွားမှာ စိုးရိမ်ကြောင့်ကြ ဖြစ်နေသည်။လက်ကိုင်တုတ်ကို ကမ်းပေါ်မှာထားခဲ့ပြီး ရေဆင်းချိုးလျှင် မိမိရေချိုးနေခိုက် အခြားသူတစ်ယောက် လက်ကိုင်တုတ် ကောက်ယူသွားပါက မခက်ပေဘူးလားဟု ကောက်ရသော လက်ကိုင်တုတ်အတွက် ရတက်မအေး ဖြစ်နေသည်။ဤတွင် အကောင်းဆုံးနည်းလမ်းတစ်လမ်း တွေးမိသည် ဖြစ်၍ ထိုနည်းလမ်းအတိုင်းလုပ်ရန် ဆုံးဖြတ်လိုက်သည်။သူ့ဆုံးဖြတ်ချက် ဟုတ်လှပြီဟု အောက်မေ့ပြီးလျှင် ထိုလူသည် သူ့ဆုံးဖြတ်ချက်အတိုင်း လက်ကိုင်တုတ်ကိုင်ပြီး ရေချိုးသည်။သို့သော်လည်း ကံဆိုးချင်တော့ လှိုင်းတစ်ချက် ခပ်ကြမ်းကြမ်း ရေစီးကြောင်းထဲ မျောပါသွားသည်။လက်ကိုင်တုတ် သူ့ပင်ရင်းနေရာ ပြန်ရောက်သွားသည်ကိုတွေ့၍ ထိုလူသည် တဖျစ်တောက်တောက်နှင့် ငိုကြီးချက်မ အမူအရာမျိုး ဖြစ်နေသည်။

ထိုအခိုက် ရသေ့တစ်ပါး မြစ်ကမ်းပါးရောက်လာသည်။ရသေ့က ထိုလူ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေပုံကို တွေ့ရ၍ အကျိုးအကြောင်း မေးကြည့်သည်။

"ဘာဖြစ်လို့ ရေချိုးရင်း ပူပုံပန်းတဲ့မျက်နှာမျိုး ဖြစ်နေရတာလဲ"

"ဆွာမိဂျီ၊ ရေချိုးနေရင်း ကျွန်ုပ်လက်ထဲက ငွေရိုးတပ် လက်ကိုင်တုတ် ရေထဲမျောပါသွားလို့ပါ"

"မင်းက ဘာဖြစ်လို့ လက်ကိုင်တုတ်ကိုင်ပြီး ရေချိုးရတာလဲ"

"လက်ကိုင်တုတ်က ဒီကမ်းစပ်က ကောက်ရတဲ့ လက်ကိုင်တုတ် ဖြစ်ပါတယ်။ကမ်းစပ်မှာထားပြီး ရေချိုးရင် တခြားလူ ယူသွားမှာစိုးလို့ ရေချိုးရင်း ကိုင်ထားတာ ဖြစ်ပါတယ် ဆွာမိဂျီ"

ရသေ့ကြီး ပြန်ပြောသောစကားကို ကြားရသောအခါ လက်ကိုင်တုတ် လက်လွတ်သွားသူသည် ရသေ့ကြီးကို အကြောင်သား ငေးကြည့်နေသည်။

"ကိုယ့်ဥစ္စာမဟုတ်တဲ့ပစ္စည်း လက်လွတ်သွားတဲ့အတွက် ဘာပူနေစရာ လိုသလဲ"

* * *

ညနေချမ်းအချိန် ဖြစ်သည်။

မောကြီးပန်းကြီးဖြစ်လာသော သူတောင်းစားတစ်ယောက်သည် ရွာအပြင်ဘက်က ညောင်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ချလိုက်သည်။သူတောင်းစားသည် အကြီးအကျယ် စိတ်ညစ်နေသည်။တစ်နေ့လုံး ထမင်းမစားရသေးပေ။ဘယ်သူ့ထံကမှလည်း ထမင်းတစ်ဆုပ်ရေတစ်မှုတ် တောင်းရမ်း၍ မရသေးပေ။

သူတောင်းစားသည် ထမင်းဆာလွန်းမက ဆာနေပြီဖြစ်၍ ကျိန်ဆဲလိုက်သည်။"လူတွေ ဘယ်လောက် ကရုဏာခေါင်းပါးနေကြတယ် မသိဘူး။မရှိဆင်းရဲသားကို လှည့်တောင် မကြည့်ကြဘူး။တခြားလူတွေရဲ့ ဆင်းရဲဒုက္ခနဲ့ သူတို့ ဘာမှမပတ်သက်သလိုပဲ"

ထိုအခိုက် သူ့ရှေ့က လယ်သမားတစ်ယောက် လှည်းဖြတ်မောင်းလာသည်။လယ်သမားသည် လယ်တောထဲက စပါးရိတ်ပြီး ပြန်လာခြင်း ဖြစ်သည်။သူ၏လှည်းထဲတွင် စပါးအပြည့် တင်လာသည်။လယ်သမားသည် ပျော်မြူးနေပြီး သီချင်းတကြော်ကြော် သီဆိုလာသည်။သူတောင်းစားက ထိုလယ်သမားကို မကျေမချမ်းဖြစ်နေသည်။

"ကြည့်စမ်း၊ စပါးတွေ လှည်းနဲ့အပြည့် တင်လာတယ်။ငါ့မှာတော့ တစ်လုတ်စာတောင် စားစရာမရှိဘူး။အဲဒါ တရားသလား"

အတန်ငယ်ကြာသွားသောအခါ ထိုလမ်း၌ပင် သူဌေးဝကြီးတစ်ယောက် ကောင်းပေ့ဆိုသည့် ယာဉ်ရထားကြီးစီးပြီး ဖြတ်လာသည်ကို တွေ့ရပြန်သည်။သူဌေးကြီးသည် အဖိုးထိုက် အဖိုးတန် ဝတ်ကောင်းစားလှများကို ဝတ်စားဆင်ယင်ထားသည်။

သူဌေးကြီးကို မြင်ရသောအခါ သူတောင်းစားသည် တစ်ဖန်မကျေမနပ် ဖြစ်လာပြန်သည်။"ကြည့်စမ်း၊ ဒါ တရားသလား၊ အလုပ်

မကြိုးစားတဲ့လူကတော့ စည်းစိမ်ဥစ္စာ ဘယ်လောက် တိုးတက်များပြား နေသလဲ။စားကောင်းသောက်ကောင်းတွေစားပြီး လူလည်း ပုတ်လောက် ဝပြိနေတယ်။ငါ့မှာတော့ ကြည့်စမ်း။တစ်နေ့လုံး လျှောက်တောင်းတာ တောင်မှ ထမင်းတစ်ဆုပ် မရဘူး။သူကတော့ အဝတ်အစားကောင်းတွေ ဝတ်စားထားတယ်။ငါ့မှာတော့ အစုတ်အပြဲတောင် ဝတ်စရာမရှိဘူး။ ချမ်းလို့ သေတော့မယ်"

ထို့နောက် အချိန်မကြာလိုက်ပါ။ထိုလမ်းမှာပင် ဘုရင်စီးလာသော ယာဉ်ရထား ဖြတ်မောင်းလာပြန်သည်။ဘုရင်၏ ခမ်းနားထည်ဝါပုံကို တွေ့ရသောအခါ သူတောင်းစားသည် မကျေမနပ် ဖြစ်လာပြန်သည်။

"သူကတော့ အခန့်စား ယာဉ်ရထားကြီးနဲ့ ငါ့မှာတော့ စီးစရာ မြည်းတစ်ကောင်တောင် မရှိဘူး"

သူတောင်းစား ညည်းညူနေသည်ကို ညောင်ပင်ပေါ်က ညောင်ပင်စောင့် ရက္ခစိုးက ကြားသွားသည်။ရက္ခစိုးသည် သူတောင်းစားကို ကရုဏာသက်သွားသည်ဖြစ်၍ အသံပြုလိုက်သည်။

"အသင်လူသား၊ ဘာကြောင့် ဒါလောက် ညည်းညူနေသလဲ။ဘာ အလိုရှိလို့လဲ"

"အသင် ဘယ်သူလဲ။အသင် အကျွန်ုပ်ကို ကယ်နိုင်ပါ့မလား"

"ကျွန်ုပ် ဒီညောင်ပင်ပေါ်က ရက္ခစိုး ဖြစ်ပါတယ်။အသင် အလိုရှိတာကို ကျွန်ုပ် ပေးနိုင်စွမ်းရှိပါတယ်"

ရက္ခစိုး၏စကားကို ကြားရသောအခါ သူတောင်းစားက ပြန်ပြောသည်။

"အဲဒီလိုဆိုရင် ကျွန်ုပ်တစ်သက် မဆင်းရဲအောင် ဥစ္စာခနေပေးပါလား"

"ကောင်းပြီ သင်၏လွယ်အိတ် ဟထားပါ။ကျွန်ုပ် သစ်ပင်ပေါ်က ရွှေဒင်္ဂါး တွေ ချပေးမယ်။အလိုရှိသလောက် ယူနိုင်တယ်။ဒါပေမဲ့ တစ်ခုတော့ရှိတယ်။တကယ်လို့ ရွှေဒင်္ဂါးပြား မြေကြီးပေါ် ကျသွားရင်တော့ မြေကြီးပေါ်ကျသွားတဲ့ ရွှေဒင်္ဂါး ကွယ်ပျောက်သွားလိမ့်မယ်"

သူတောင်းစားက အားရဝမ်းသာနှင့် ညောင်ပင်အောက်မှ

သူ၏လွယ်အိတ်ဟပြီး ခံထားသည်။ညောင်ပင်ပေါ်က ရွှေဒင်္ဂါးပြားများ ကျလာသည်။လွယ်အိတ် လေးပုံတစ်ပုံ ပြည့်သွားသည်။ညောင်ပင်ပေါ်မှ ရွှေဒင်္ဂါးပြားများ ဆက်ကျမလာတော့ပေ။

သူတောင်းစားက "ဒါလောက် ရွှေဒင်္ဂါးပြားတွေနဲ့ ငါ ဟိုလယ်သမားလို စပါးတွေဝယ်ပြီး သိုလှောင်ထားလို့တော့ ရတယ်။ဒါပေမဲ့ ဟိုသူဌေးကြီးလိုတော့ ချမ်းသာကြွယ်ဝလာနိုင်မှာ မဟုတ်ဘူး"ဟု စဉ်းစားပြီးလျှင် "အို . . ရက္ခစိုး၊ ဒါလောက် ရွှေဒင်္ဂါးလေးနဲ့ ဘာလုပ် မှာလဲ၊ နောက်ထပ်ချပေးပါဦး"ဟု ပြောလိုက်သည်။

ရက္ခစိုးက ရွှေဒင်္ဂါးပြားများကို ချပေးပြန်သည်။လွယ်အိတ်တစ်ဝက် ရွှေဒင်္ဂါးပြားများ ပြည့်သွားပြန်သည်။ထိုအခါ ရက္ခစိုးက "အို သူတောင်းစား၊ အသင် နေထိုင်စားနိုင်ဖို့အတွက် ဒါလောက်ရွှေဒင်္ဂါးတွက များတောင်များနေသေးတယ်"ဟု ပြောသည်။သို့ရာတွင် သူတောင်းစားသည် လောဘအတောမသတ်နိုင် ဖြစ်နေသည်။

"ရက္ခစိုးကြီး ဒါလောက် ရွှေဒင်္ဂါးလေးနဲ့ အလုပ်မဖြစ်သေးပါဘူး။ရွှေဒင်္ဂါး ထပ်ချပေးပါဦး။ကျွန်ုပ် ဟိုဘုရင်ကြီးလို ခမ်းနားကြီးကျယ်တဲ့ တိုက်ကြီး နန်းဆောင်ကြီးမှာ နေချင်ပါတယ်။လွယ်အိတ်ပြည့်သွားအောင် ရွှေဒင်္ဂါးတွေ ချပေးစေချင်ပါတယ်"ဟု ပြောလိုက်ပြန်သည်။

ရက္ခစိုးက ရွှေဒင်္ဂါးပြားများကို ချပေးပြန်သည်။လွယ်အိတ်ထဲတွင် ရွှေဒင်္ဂါးအပြည့်ဖြစ်သွားသည်။သို့ရာတွင် လွယ်အိတ်အဟောင်းဖြစ်၍ ဤမျှများပြားသော ရွှေဒင်္ဂါးများ၏အလေးကို ခံနိုင်ရည်မရှိပေ။ဗြိခနဲ လွယ်အိတ်ပြဲသွားပြီး ရွှေဒင်္ဂါးများ မြေကြီးပေါ် ကျကုန်ကြသည်။မြေကြီးပေါ် ကျသွားသည်နှင့် တစ်ပြိုင်နက် ရွှေဒင်္ဂါးများအားလုံး ပျောက်ကွယ်သွားကြသည်။သူတောင်းစား၏လက်ထဲတွင် တစ်ပြားမှ မကျန်တော့ပေ။ဤတွင် သူတောင်းစားက "အို . . ရက္ခစိုးကြီး၊ အို .. ရက္ခစိုးကြီး"ဟု အတင်းအော်ခေါ်သည်။သို့ရာတွင် မည်သို့မှ စကားပြန် မရတော့ပေ။သူတောင်းစားသည် သူ့နဖူးကို လက်နှင့်ထုပြီး "ငါ ဒါလောက် လောဘကြီးရသလား။ရသလောက်နှင့် တင်းတိမ်ရောင့်ရဲမယ်ဆိုရင် ရွှေဒင်္ဂါးတွေ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး"ဟု နောင်တကြီးစွာ ရနေသည်။

လောဘဇောထွက်လျှင် လူသည် မျက်ကန်းဘဝ ရောက်သွားရတတ်သည်။

* * *

လူတစ်ယောက်သည် နေ့စဉ်နေ့တိုင်း အချိန်မှန်မှန် ဘုရားကျောင်းသွားပြီး ဆီမီးထွန်းညှိပူဇော်သည်။ယင်းဆီမီးပူဇော်သည့် အလုပ်သည် တစ်နေ့လည်းမဟုတ် တစ်ပတ်လည်းမဟုတ် တစ်လနှစ်လလည်းမဟုတ် လပေါင်းများစွာ ကြာလာခဲ့သည်။

ဘုရားကျောင်းရှေ့ဘက် အိမ်တစ်အိမ်က လူငယ်တစ်ယောက်သည် ထိုလူ နေ့စဉ်မပြတ် နိစ္စပတ်ဝတ်ထားပြီး ဘုရားကျောင်း၌ ဘုရားမီးပူဇော်နေသည်ကို တွေ့ရသောအခါ တအံ့တသြဖြစ်နေသည်။ တစ်နေ့တွင် ထိုလူ ဘုရားမီးပူဇော်ပြီး ဘုရားကျောင်းအပြင်ဘက် ပြန်ထွက်လာသည်ကို တွေ့ရသောအခါ လူငယ်က ထိုလူကို ခေတ္တတားထားပြီး မေးလိုက်သည်။

"နေပါဦး ဦးလေး၊ ဦးလေးက ဘုရားတရား တကယ်ကြည်ညိုတယ် မှတ်တယ်။နေပူမရှောင် မိုးရွာမရှောင် အမြဲမပြတ် ဝတ်ထားပြီး ဘုရားမီးပူဇော်နေတာ တွေ့ရတယ်။ဦးလေးရဲ့ သဒ္ဓါတရားနှင့် ဘုရားသခင် ကြည်ညိုဆည်းကပ် ကိုးကွယ်မှုကတော့ စံပြုလောက်ပါတယ်"

ထိုလူက ရယ်ပြီး ပြန်ပြောသည်။"တကယ့်သဒ္ဓါတရားနှင့် ဘုရားသခင်ကို ကြည်ညိုတယ်ဆိုတာ အသာထားလိုက်ပါဦး။အခြားမလွှဲမရှောင်သာတဲ့ အကြောင်းတစ်ခု ရှိနေတဲ့အတွက် ယခုလို ရက်ရှည်စီမံကိန်းနှင့် နေ့စဉ်မပြတ် ဘုရားကျောင်းလာပြီး မီးပူဇော်နေရတာပါ။ ကျုပ် ဝေရားရုံးမှာ အမှုတစ်ခု ရင်ဆိုင်ရတယ်။တကယ်လို့ အမှုနိုင်ရင် ဘုရားကျောင်းလာပြီး နေ့စဉ်မပြတ် ဝတ်ထားပြီး မီးပူဇော်ပါ့မယ်လို့ ဘုရားသခင်ရှေ့မှာ ကတိပြုထားတယ်။ကျုပ် အမှုနိုင်တဲ့အတွက် ကျုပ်ထားတဲ့ကတိအတိုင်း နေ့စဉ်မပြတ် ဝတ်ထားပြီး ဆီပီးပူဇော်နေတာပါ"

လူငယ်က အမှုအကြောင်းကို သိလိုသည်ဖြစ်၍ မေးလိုက်သည်။"ဘယ်လိုအမှုမျိုးနှင့် ရင်ဆိုင်ရလို့လဲ"

ထိုလူက ပြန်ပြောသည်။"ကျုပ်အိမ်ဘေးက ခြံကြီးကို တွေ့တယ် မဟုတ်လား။ကျုပ်ခြံလောက်ပဲ ကြီးမားကျယ်ပြန့်တယ်။ ကျုပ်အိမ်ဘေးက လူတစ်ယောက် အဲဒါလောက် ကြီးမားတဲ့ ခြံကြီး တစ်ခြံ ပိုင်နေတယ်ဆိုတာ ကျုပ် မရှုစိမ့်ဘူး။ကျုပ် တရားသူကြီးလုပ်တဲ့ လူကို လာဘ်ထိုးပြီးတော့ ရုံးတော်မှာ အဲဒီခြံကို ပိုင်ဆိုင်မှုနဲ့ ကျုပ် တရားစွဲတယ်။ကျုပ်ပေးတဲ့လာဘ်ကို စားထားပြီးပြီဖြစ်တဲ့အတွက် ဘုရားသခင်ရဲ့ စောင်မမှုနဲ့ တရားသူကြီးက ကျုပ်ကို အနိုင်ပေးလိုက်တယ်။ယခု သူ့ခြံမြေ ကျုပ်ပိုင်ဖြစ်သွားပြီ"

လူငယ်က ထိုလူကို ခပ်တည်တည်ကြည့်ပြီး ပြောလိုက်သည်။

"ဘုရားသခင်က တရားတဲ့ဘက်မှာ ရှိနေတယ်ဆိုတာကိုသာ ကြားဖူးတယ်။မတရားတဲ့ဘက်က ဘယ်တော့မှ မလိုက်ဘူး"

"မင်းတို့အရွယ် ငယ်ပါသေးတယ်။လောကအကြောင်း မင်းတို့ ဘာမှနားမလည်ပါဘူး။မင်းတို့ ရှေ့လျှောက်ပြီး လူလုပ်ရဖို့ ရှိသေးတဲ့အတွက် လူ့လောကအကြောင်း ငါတို့လို နားလည်ဖို့ ကြိုးစားပါဦး"

ဘုရားကျောင်းထဲက ထွက်လာသူသည် လူငယ်ကို သူ့အလုပ် ကဖျက်ယဖျက် လုပ်ရမလားဆိုသည့် အကြည့်ဖြင့်ကြည့်ပြီး ထွက်ခွာသွားသည်။

လူငယ်က "ကျွန်တော် လူ့လောကအကြောင်း နားမလည်လို့ မဟုတ်ဘူး။အတွင်းရော အပြင်ရော နှောကျေအောင် သိနေတယ်။ ဘုရားကျောင်းမှာ ဆီမီးထွန်းထားပေမယ့် ခင်ဗျားအတွင်းသဏ္ဌာန်ထဲမှာတော့ မှောင်မိုက်နေတယ်"ဟု ပြောလိုက်သည်။သို့သော် ဘုရားကျောင်းထဲက ထွက်လာသူသည် လူငယ် လှမ်းပြောလိုက်သည့် စကားကို ကြားဟန်မတူဘဲ သူ့လမ်းသူ ဆက်သွားသည်။

* * *

လူတို့၏ အာသာရမ္မက်သည် မည်သည့်အခါမှ ငြိမ်းသွားသည်ဟူ၍ မရှိပေ။တစ်ခုပြီးတစ်ခု ပေါ်လာသည်ကသာ များသည်။ အာသာရမ္မက်များကို ဖြည့်၍ မပြည့်သေးခင်မှာပင် မရဏာမင်း ရောက်လာသည်။အာသာရမ္မက်ကို ဖြည့်ပေးရင်း ဖြည့်ပေးရင်းနှင့် ဇရာ ရောက်လာသည်။သို့သော်လည်း အာသာရမ္မက်ကမူ အိုမင်းရင့်ရော်လာလိမ့်မည် မဟုတ်ပေ။ဇရာအရွယ်၌ အာသာရမ္မက်သည် ပို၍ပင် ပွားများတိုးတက်လာလိမ့်မည်။လောကသုံးပါးလုံးကို မျိုဝါးပြီး ပင်လယ်သမုဒ္ဒရာ ခုနစ်တန်ကို သောက်သော်လည်း အာသာရမ္မက် ပြေပျောက်သွားလိမ့်မည် မဟုတ်ပေ။

ငါ၏ ဆင်၊ မြင်း ဖြစ်၏။ငါ၏ အိမ်ဂေဟာ ဖြစ်၏။ငါ၏ စံနန်း ဖြစ်၏။ငါ၏ မိဘ ဘိုးဘွားဖြစ်၏။ငါ၏ မိတ်ဆွေသူငယ်ချင်း ဖြစ်၏။ငါ၏ ဆွေမျိုးသားချင်း ဖြစ်၏။ငါ၏ သားမယား ဖြစ်၏။ငါ၏ အလုပ်အကျွေး ဖြစ်၏။ငါ၏ တပည့်ဖြစ်၏။ယင်းကဲ့သို့သော အစွဲမျိုး မထားဘဲ အားလုံးကို သံယောဇဉ်ဖြတ်လျက် လူတို့သည် သူတစ်ပါး အကျိုးစီးပွားကို ကိုယ်ကျိုးမဖက်ဘဲ လုပ်ကိုင်ဆောင်ရွက်သင့်ကြသည်။

လူတို့သည် လည်ပင်းလှုပ်ယမ်းနေကြသည်။ခါးကုန်းနေကြသည်။ဆံပင်ဖြူနေကြသည်။သို့သော်လည်း ကာမဂုဏ်အာရုံကို ဖြတ်ပစ်နိုင်စွမ်း မရှိကြသေးပေ။သွားအတော်များများ ကျွတ်ထွက်ကုန်ကြသည်။ သို့သော်လည်း အာသာရမ္မက် တက်တုန်း ကြွတုန်းပင် ဖြစ်နေကြသည်။ ပုတီးတစ်လုံး ချောက်ခနဲစိပ်လိုက်တိုင်း အာရုံတစ်ခု ဝင်လာမြဲ ဖြစ်သည်။ လူတို့၏ အာသာရမ္မက်သည် နေမြင့်လေလေ အရှုးရင့်လေဖြစ်ပြီး အတောမသတ်နိုင်အောင် ဖြစ်နေကြသည်။

***

ကိုလိုနီခေတ် အိန္ဒိယနိုင်ငံ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် တစ်ခု ဖြစ်သည်။ကိုလိုနီခေတ် လက်အောက်ခံဘဝက အိန္ဒိယနိုင်ငံ လွတ်မြောက်စေရန်အတွက် ကြိုးပမ်းအားထုတ်ကြသော လွတ်လပ်ရေး တိုက်ပွဲဝင် ခေါင်းဆောင်များထဲက ထိပ်တန်းခေါင်းဆောင်တစ်ဦးမှာ "လောကမာနယ တိလက်" ဖြစ်သည်။တိလက်သည် မဟတ္တမဂန္ဒီ အားကိုးအားထားအပြုရဆုံး အိန္ဒိယနိုင်ငံရေးခေါင်းဆောင်တစ်ဦး ဖြစ် သည်။ဗြိတိသျှအစိုးရ၏ နိုင်ငံရေးအကျဉ်းသားအဖြစ် မန္တလေးထောင်၌ ပင် အချိန်အတန်ကြာ နေခဲ့ရသည်။မန္တလေးထောင်တွင် အကျဉ်းသား အဖြစ်ဖြင့် နေစဉ်က "ဂီတာရဟာတ်ဆယ" အမည်ရှိ "ဘဂဝတ်ဂီတ" အဖွင့် ကျမ်းတစ်ကျမ်း ရေးသားပြုစုသည်။လောကမာနယတိလက်၏ "ဂီတာရဟာတ်ဆယ"သည် အိန္ဒိယနိုင်ငံ၌ ထင်ရှားကျော်ကြားသော ဓမ္မကျမ်းစာဖြစ်သည်။

တစ်ချိန်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

အိန္ဒိယနိုင်ငံ ပူးနားမြို့တွင် ပလိပ်ရောဂါ အကြီးအကျယ် ဖြစ်ပွားနေသည်။ပူးနားမြို့တစ်မြို့လုံး ပလိပ်ရောဂါဒဏ် အလူးအလဲခံ နေရသည်။လောကမာနယတိလက်၏ သားအကြီးလည်း ပလိပ်ရောဂါ ဆိုး၏ သားကောင်ဖြစ်နေရသည်။ထိုအချိန်က လွတ်လပ်ရေးတိုက်ပွဲဝင် များအား လှုံ့ဆော်ပြီး ထုတ်ဝေသော စာနယ်ဇင်းများထဲတွင် ကေသရီ အမည်ရှိ စာစောင်တစ်ခုလည်း အပါအဝင်ဖြစ်သည်။"ကေသရီ"၏ အယ်ဒီတာချုပ်မှာ လောကမာနယတိလက် ဖြစ်သည်။

သားဖြစ်သူ ပလိပ်ရောဂါဒဏ် အလူးအလဲခံနေရသော်လည်း လောကမာနယတိလက်သည် "ကေသရီ"ထွက်ဖို့ အရေးကြီးနေသည့် အတွက် အလုပ်တိုက်သွားမည် လုပ်သည်။ထိုအခိုက် မိတ်ဆွေ

တစ်ယောက်က "တိလက်ဂျီ၊ ခင်ဗျားသား အသည်းအသန် ဖြစ်နေတယ်၊ ခင်ဗျား ဒီကနေ့ အလုပ်တိုက်မသွားရင် ကောင်းလိမ့်မယ်"ဟု ပြောသည်။မိတ်ဆွေ သတိပေးသည်ကို လောကမာနယတိလက်က ပြန်ပြောလိုက်သည်။"တစ်နိုင်ငံလုံးက "ကေသရီ"ကို စောင့်နေတယ်။ ကျုပ် အလုပ်တိုက်မသွားရင် "ကေသရီ"အချိန်မှန် ဘယ်ထွက်နိုင်ပါ့မလဲ"

သူ့သား သေမည့်ဆဲဆဲဖြစ်နေသည်ကို အမှုမထားဘဲ "ကေသရီ" စာစောင် အချိန်မီထွက်ရေးအတွက် လောကမာနယ တိလက်သည် အလုပ်တိုက်သို့ စွတ်ထွက်သွားသည်။အံ့ဖွယ်အယ်ဒီတာပါကလား။

* * *

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း- ဝင်းကျော်၊
ထုတ်ဝေသူ- ဦးဝင်းကျော်ထွန်း၊
မုံရွေးစာပေ၊
၈၀-ခ၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်
ပုံနှိပ်သူ- ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊
၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်
ပထမအကြိမ်၊ ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ်၊ မုံရွေးစာအုပ်တိုက်၊ စောင်ရေ ၅၀၀
၂၀၁၃ ခု၊ ဒီဇင်ဘာလ၊ တန်ဖိုး ၁၃၀၀ ကျပ်

ပါရဂူ
ကေသမယံ-၂/ပါရဂူ။ — ရန်ကုန်။
မုံရွေးစာပေ၊ ၂၀၁၃။
စာ ၇၇၊ ၁၂. ၇ × ၂၀. ၅ စင်တီ။
(၁) ကေသမယံ-၂

ဧကံသမယံ

တစ်ခုသောအခါ၌ စာရေးဆရာကြီးတစ်ဦးသည်
သူပြောလိုသော စာတိုများကို ရေးခဲ့လေ၏။



645017154
Price : 1300.00 K
Tab-Book Cente